ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ အင်္ဂါနေ့၊ (8-2-2011) (၆၆၆၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံသားအားလုံးသည် အသီးတစ်ရာ အညှာတစ်ခုဖြစ်ကြောင်း ခိုင်မာခဲ့ပြီဖြစ်

ကမ္ဘာပေါ်တွင် ရှာဖွေတွေ့ရှိသမျှ ပရိုင်းမိတ်တို့အနက် ရှေးအကျဆုံးဖြစ်သော လွန်ခဲ့သည့် နှစ်သန်း(၄၀)ခန့်က လူတူပရိုင်းမိတ်ကို ကမ္ဘာ့ပညာရှင်များက ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရှာဖွေတွေ့ရှိ အသိအမှတ်ပြုခဲ့ကြပြီး ဖြစ်သည့်အတွက် ဤမြေဤရေတွင် ပေါက်ဖွားခဲ့ကြသည့် နိုင်ငံသားအားလုံးသည် အသီးတစ်ရာ အညှာတစ်ခုဖြစ်ကြောင်း ခိုင်မာခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ရှည်လျားလှသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းသည် တိုင်းရင်းသားလူမျိုးများအားလုံး၏ သမိုင်းပင်ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

သံလွင်တံတား(ဘားအံ) သည် ပြည်ထောင်စုသားတို့၏ လမ်းပန်းဆက်သွယ်ရေးအတွက် အလွန်အရေးပါသော တံတားကြီးဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကရင်ပြည်နယ်

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ကရင်ပြည်နယ်တစ်ခွင်

ကရင်ပြည်နယ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အရှေ့တောင်ဘက်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၁၇၃၀ ဒသမ ၈၅ မိုင် ကျယ်ဝန်းသည်။ ကရင်၊ ပအိုဝ်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများ စုစည်းညီညွတ်စွာ အတူတကွ ပူးပေါင်းနေထိုင်ကြသည်။ လွင်ပြင်တောင်တန်းနှင့် သစ်တောများ ဆက်စပ်နေသောပြည်နယ် ဖြစ်သည်။ ပြည်နယ်၏ အရှေ့ဘက်ပိုင်းတွင် တောင်တန်းများသည် မြောက်မှတောင်ဘက်သို့ သွယ်တန်းနေကာ ပြည်နယ်အနောက်ဘက်တွင် မြေနိမ့်လွင်ပြင်များ တည်ရှိသည်။

ပြည်နယ်အတွင်း၌ သံလွင်၊ သောင်ရင်း၊ အတ္ထရံ၊ ဂျိုင်း စသည့် မြစ်ကြီးများ စီးဆင်းလျက်ရှိသည်။ သာယာလှပသော တောတောင်လွင်ပြင်နှင့် ပေါများကြွယ်ဝသည့် မြေသယံဇာတ၊ ရေသယံဇာတများရှိသည်။ ယခင်က တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် သမိုင်းဆိုးမွေကို မျက်မှောက်ကာလ၌ နိုင်ငံတော်က တည်ငြိမ်အေးချမ်းမှုဖြင့် ဖော်ဆောင်ပေးပြီး ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို နေ့မအား ညမနား အရှိန်အဟုန်တိုးမြှင့် ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည်။

သံလွင်၊ အတ္ထရံ၊ ဂျိုင်းမြစ်များပေါ်တွင် ယခင်က တံတားမဆင်၍ အသွားမတွင်သည့် ဘဝမှ ယခု မြစ်ကူးတံတားကြီးများကို ဆင်ယင်တည်ဆောက်ပေးနိုင်သဖြင့် သွားလမ်းသာ၍ လာလမ်းဖြောင့်နေပြီ ဖြစ်သည်။ **စာမျက်နှာ ၆ သို့ ❖**

ကြေးမုံ The Mirror

၈-၂-၂၀၁၁
(အင်္ဂါနေ့)

ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည့် တံတားသစ်များ

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် ကုန်သွယ်စီးပွားရေးအတွက်သာမက ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့ကိုပါ အကျိုးပြုသည်။ ဝေးလံခေါင်ဖျား နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်း လမ်းသစ်၊ တံတားသစ်များ ဖောက်လုပ်တည်ဆောက်ထားရာ တိုင်းရင်းသားပြည်သူများ အလွယ်တကူ ဆက်သွယ်သွားလာနိုင်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးနိုင်သော မြေပြန့်များကျယ်ကျယ်ပြန့်ပြန့်ရှိသည်။ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် သီးနှံစုံထွက်ကုန်ပေါများသည်။ ယခင်ကာလက လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် ကူးသန်းဆက်သွယ်ရောင်းဝယ်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ကြရသည်။

ယနေ့ကာလတွင် မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကူး တံတားကြီးများအပါအဝင် တံတားကြီးငယ်အသွယ်သွယ်ကို တည်ဆောက်ပေးထားပြီ။ ပုသိမ်-မုံရွာ လမ်းမကြီးကို ဖောက်လုပ်ပေးခဲ့ပြီ။ ရထားလမ်းသစ်ကွန်ရက်များ၊ ရိုးမဖြတ်ကျော်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများကိုလည်း တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ ခရီးသွားလာ ကုန်စည်ပို့ဆောင်မှု ပိုမိုမြန်ဆန်သွက်လက်လာနေပြီဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပြီးစီးသွားသည့် ဒေါင်းနေချောင်းတံတားကို ဖေဖော်ဝါရီ ၅ရက်က ဖွင့်လှစ်လိုက်သည်။ အဆိုပါတံတားသည် မကွေးမြို့နယ် ရန်ကုန်-ပြည်-မကွေး-မန္တလေး လမ်းပေါ်တွင်တည်ရှိပြီး တံတားအရှည် ၁၇၅၈ ပေရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် ၂၅၅စင်းမြောက်တံတားဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်း ၂၁ စင်းမြောက် ဖွင့်လှစ်ပေးနိုင်သည့် တံတားဖြစ်သည်။

ဒေါင်းနေချောင်းတံတားမတည်ဆောက်မီက မိုးရာသီချောင်းရေကျချိန်တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရန် စောင့်ဆိုင်းကြရသည့် အခက်အခဲများကို ကျော်ဖြတ်နိုင်ကြပြီဖြစ်သည်။ အဆိုပါတံတား တည်ဆောက်ပြီးစီးသွားသဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ ယဉ်ကျေးမှုနယ်မြေ ပုဂံညောင်ဦးသို့ သွားလာနိုင်ကြပြီ။ မြင်းခြံ-နွားထိုးကြီးလမ်းမှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းကိုဖြတ်၍ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့သို့ ခရီးပေါက် သွားရောက်နိုင်ကြပေပြီ။

ယခုအခါ ဒေါင်းနေချောင်းတံတားသစ်ကိုအသုံးပြု၍ မကွေး-မင်းဘူး-အမ်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ ရာသီမရွေး၊ အချိန်အခါမရွေး သွားလာနိုင်ကြတော့မည်။ ဒေသထွက်ကုန်များ မြန်ဆန်စွာ ပို့ဆောင်ကုန်သွယ်နိုင်တော့မည်ဖြစ်ရာ ဒေသရှိပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ဇီးကုန်း-ကာဘိုး ကျေးလက်ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနား တက်ရောက်

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကန့်ဘလူမြို့နယ် ကာဘိုးစံပြကျေးရွာ ဇီးကုန်း-ကာဘိုးကျေးလက်ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနား၌ ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဖေဖော်ဝါရီ ၂ ရက်တွင် မုံရွာမြို့၌ ကျင်းပသည့် ဧရာဝတီဘဏ်လီမိတက်(မုံရွာဘဏ်ခွဲ)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဧရာဝတီဘဏ်လီမိတက်(မုံရွာဘဏ်ခွဲ)ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ဘဏ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဘဏ်အဆောက်အအုံသစ်အတွင်း နေရာချထားမှုများကို လှည့်လည်ကြည့်ရှုကြသည်။ ဆက်လက်၍ တိုင်းမှူးသည် ကန့်ဘလူမြို့နယ် ကာဘိုးစံပြကျေးရွာ ဇီးကုန်း-ကာဘိုး ကျေးလက်ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ရည်ရွယ်ချက်အရ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၂ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းရိပ်မွန် (၉၂)ရပ်ကွက် စပယ်လမ်း၌ ကျင်းပရာ မွေးကင်းစမှ တစ်နှစ်ခွဲအရွယ် ကလေးများအား ကာကွယ်ဆေးတိုက်ကျွေးနေစဉ်။ (၅၁၂)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု လမ်းသစ်နှင့် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၇

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့် စက်ရေတွင်းဖွင့်ပွဲများနှင့် လမ်းသစ်ဖွင့်ပွဲများကို ကျင်းပလျက်ရှိရာ သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ခဲ့သော နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီတွင် အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်အမှုဆောင်အရာရှိတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စက်ရေတွင်းမှ တစ်နာရီ ရေဂါလန် ၂၅၀၀ ထွက်ရှိကြောင်း သိရသည်။

အလားတူ ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဇီးကုန်း-ကာဘိုး ကျေးလက်ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်တွင် အဆိုပါလမ်းသစ်မုခ်ဦးရှေ့ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ရွှေဘိုခရိုင် ဥက္ကဋ္ဌနှင့် အလှူရှင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးခဲ့ပြီး တာဝန်ရှိသူများက လမ်းကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါလမ်းကို စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ပံ့ငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေနှင့် ဇီးကုန်း-ကာဘိုးကျေးရွာ ပြည်သူများလှူဒါန်းငွေဖြင့် ဆောင်ရွက်ခဲ့ပြီး ကျေးလက်ကတ္တရာလမ်းမှာ အကျယ် ၁၂ပေ၊ အရှည် ၅ မိုင် ၁ ဖာလုံရှိကြောင်း သိရသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်တန်း-ကျွန်းပြား-နွယ်လိန်ကန်မြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်မုခ်ဦး၌ကျင်းပရာ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မြေသားလမ်းခင်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မင်းဘူးခရိုင်ဥက္ကဋ္ဌနှင့် ဒေသခံပြည်သူတစ်ဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အဆိုပါလမ်းမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ လမ်းသစ်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ မြေသားလမ်း၏ အရှည်မှာ ၃၄ မိုင် ၆ ဖာလုံရှိပြီး အကျယ် ၁၈ ပေ ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်များနှင့် IELTS အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

IELTS စာမေးပွဲနှင့် ပတ်သက်၍ သိကောင်းစရာများ၊ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးလမ်းကြောင်းအတွက် IELTS ဖြေဆိုရန် ပြင်ဆင်ရာတွင်သတိပြုရမည့်အချက်များ၊နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့်များနှင့် IELTS အကြောင်းသိကောင်းစရာများကို ဗြိတိသျှကောင်စီ Exam Services မှ တာဝန်ရှိသူက ဖေဖော်ဝါရီ ၁၁ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview Hotel ၌ ကျင်းပမည့် Singapore Education Road Show 2011 တွင် ရှင်းလင်းပြောကြားမည်ဖြစ်သည်။

နိုင်ငံတကာတွင် ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းများလျှောက်ထားရာ၌ သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးမှ အင်္ဂလိပ်စာကျွမ်းကျင်မှုအထောက်အထားများ တောင်းခံလေ့ရှိကြပြီး ကမ္ဘာအရပ်ရပ်ရှိတက္ကသိုလ်များနှင့်ပညာရေးအဖွဲ့အစည်းအများစုက အသိအမှတ်ပြုသော IELTS (International English Language Testing System)ကို ကျောင်းသားအများစု ဖြေဆိုလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင်လည်း IELTS Exam ကို လစဉ်ဖြေဆိုနိုင်ခြင်း၊ ဖြေဆိုပြီးရက်သတ္တနှစ်ပတ်အကြာတွင် အဖြေရရှိခြင်း၊ IELTS ပြင်ဆင်ပေးသောသင်တန်းများကိုလည်း မြန်မာနိုင်ငံ၌ ကျယ်ကျယ်ပြန့်ပြန့် သင်တန်းတက်ရောက် လေ့ကျင့်သင်ယူနိုင်ခြင်းတို့ကြောင့် ကျောင်းသားအများစုဖြေဆိုကြသော စာမေးပွဲဖြစ်သည်။

အဆိုပါပြပွဲနေ့တွင် IELTS ပြင်ဆင်ခြင်းအတွက် စာအုပ်စာတမ်းများ၊စာမေးပွဲဖြေဆိုရန် လျှောက်လွှာများကို ရယူနိုင်ရန် စီစဉ်ထားပြီး ရှင်းလင်းပြောကြားမည့် အစီအစဉ်ကို မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။ အသေးစိတ် သိရှိလိုပါက Crown Education ဖုန်း-၂၁၁၈၈၈၊ လိုင်းခွဲ-၂၂၈နှင့် ၀၉-၅၀၈၅၁၈၅ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။ (သတင်းစဉ်)

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ အားမာန်သစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၇

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု ကြို့ပင်ကျေးရွာ အားမာန်သစ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ရက် နံနက် ၁၀ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးခိုင်၊ဒေါ်အေးအေးမာ၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် အလှူရှင်များက စာအုပ်စာစောင်နှင့် အလှူငွေများပေးအပ်ကြပြီး ကျေးရွာပြည်သူလူထုကိုယ်စား ဦးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် စာကြည့်တိုက်အဆောက်အအုံသစ်ကို ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(ဝဲပုံ)**

အဆိုပါ အဆောက်အအုံမှာ ၂၄ပေ×၁၄ပေ၊ သွပ်မိုး၊ အုတ်နံကပ် တစ်ထပ်အဆောက်အအုံဖြစ်ပြီးMax Myanmar ကုမ္ပဏီနှင့် ကျေးရွာပြည်သူများမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းငွေကျပ် သိန်း ၄၀ ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ကမ်းနားလမ်းသစ် ဖောက်လုပ်မှု လုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် အလုံမြို့နယ် အေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ကမ်းနားလမ်းသစ် ဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် လမ်းအပိုင်းလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်ကျေးရွာရှိ ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ယနေ့တွင် လှည်းကူးမြို့နယ် ရဲမွန်(၁) လျှပ်စစ်ရေတင်စီမံကိန်း လဂွန်းပြင်ဆည် ပင်မမြောင်းမှ ရေတင်ပို့လွှတ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတစ်ဦး၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကမ်းနားလမ်းသစ် လမ်းအပိုင်းလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၇

တရားရုံးချုပ် (မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးကျော်ဝင်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု (၇)မှုနှင့် တရားမအထူးအယူခံမှု (၆)မှုတို့ကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ (၇)အရ တင်သွင်းသည့် တရားမအထူးအယူခံမှု (၆)မှုကိုလည်း ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ်

ရန်ကုန် ဖေဖော်ဝါရီ ၇

နိုင်ငံတကာအဆင့်မီ တော်ဝင်စင်တာကြီး ဖွင့်လှစ်၊ အာရှသုံးနိုင်ငံ၌ H5N1 ဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ် ရင်ဆိုင်နေရ၊ နိုင်ငံတကာအဆင့်မီ ဂန္ဓမာ Wholesale Market မတ်လတွင် ဖွင့်လှစ်မည်၊ ခင်မောင်ညို (ဘောဂဗေဒ)၏ ထွန်းသစ်စနိုင်ငံသစ်များ၊ မေတ္တာရေဆန်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မက်စ်မြန်မာကုမ္ပဏီမှ ကျောက်မီးသွေးထုတ်လုပ်မည်၊ စီးပွားရေးပိတ်ဆို့ အရေးယူခြင်းဖြင့် ရလဒ်ကောင်းမရနိုင်ဟု နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပြောကြား၊ ငါးသလောက်တွေ အရုပ်ရေးကြည့်ရတော့မည့် ခေတ်ကာလရောက်တော့မည်လော၊ မင်္ဂလာအခါပေး ပြက္ခဒိန်အချို့တွင် မိဿရာသီကူးပြောင်းချိန်နှင့် ပတ်သက်၍ မှားယွင်းစွာဖော်ပြခဲ့၍ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့မှ ကြေညာချက်ထုတ်ပြန်၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့အနီးတွင် အင်အားပြင်းထန်အဆင့် ငလျင်လှုပ်ခတ်၊ ပဲဈေးကွက် အခြေအနေနှင့်ပတ်သက်၍ တစေ့တစောင်း၊ ဖန်သားပြင်နှင့်ကြည့်ရှုသူ ပရိသတ်အကြား အတားအဆီးကိုအဆုံးသတ်မည့် 3D TV၊ ပါကစ္စတန်က ၎င်း၏ နျူကလီးယားလက်နက်အင်အား နှစ်ဆတိုးမြှင့်၊ အီရန်အပေါ် စစ်ပြုခြင်းက အစ္စရေးပျက်စီးရေးဖြစ်မည်၊ အကြမ်းဖက်မှု ဖော်ထုတ်ရေးအတွက် လေဆိပ်များတွင် အနံ့ခံကြွက်များ သင်တန်းပေး၊ တောင်ကိုရီးယားနိုင်ငံက ပြည်တွင်းလုပ်ခရုဒ်းပျံများ ဖြန့်ကြက်ချထား၊ အယ်လ်ကေဒါတို့ နျူကလီးယားဗုံးကြီးများ ထုတ်လုပ်နိုင်ပါက ကမ္ဘာကြီး စက်တင်ဘာ ၁၁ ရက် အဖြစ်မျိုးဖြစ်သွားနိုင် စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ (သတင်းစဉ်)

တာမွေမြို့နယ် အမက (၁၀)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ ကျောင်းတွင်းဘက်စုံ(ပထမဆု)၊ မိသားစုအဆင့် ဘက်စုံ(ဒုတိယ)ဆု၊ မြို့နယ်အဆင့် အင်္ဂလိပ်စာဘာသာထူးချွန်(ဒုတိယ)ဆုရရှိသူ စတုတ္ထတန်း(က)မှ မအေးချမ်းထွန်းနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥဥဆွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

အထက(၁) ပုသိမ် (ယခင်ဟိုက်စကူးကျောင်း) အာစရိယပူဇော်မည်

ပုသိမ် ဖေဖော်ဝါရီ ၇

ပုသိမ်မြို့ အထက(၁) (ယခင်ဟိုက်စကူးကျောင်း)တွင် ၁၉၅၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာတွင် ကျင်းပမည်ဖြစ်၍ အာစရိယပူဇော်ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီး လှမြင့်(ငြိမ်း) ဖုန်း-၀၉-၅၃၅၀၇၇၉၊ သမားတော်ကြီး ဒေါက်တာမြင့်မြင့်ကြည် ဖုန်း-၀၁-၃၈၁၂၂၄၊ ၀၁-၇၃၀၄၉၁၁၇၊ ဦးခင်မောင်ဝင်း-ဒေါ်လှရွှေ ဖုန်း-၀၄၂-၂၂၀၄၀၊ ၀၉-၈၅၅၁၆၉၉၊ ဦးထွန်းကြည် ဖုန်း-၀၄၂-၂၄၁၀၀၊ ၀၉-၅၂၀၀၂၂၀၊ ဦးဝင်းနိုင် ဖုန်း-၀၄၂-၂၅၁၉၄၊ ၀၉-၅၂၀၂၀၂၃၊ ဗိုလ်မှူးငွေဝင်း(ငြိမ်း) ဖုန်း-၀၁-၃၈၈၀၅၇၊ ၀၉-၅၂၀၁၃၄၁၊ ဦးတင်အောင်(ဗိုလ်ရွဲ) ဖုန်း-၀၁-၂၄၆၃၀၀၊ ဦးမောင်မောင်အေး ဖုန်း-၀၉-၉၀၃၁၅၀၄၊ ဦးမောင်ကြိုင် ဖုန်း-၀၉-၅၁၆၉၁၃၅နှင့် ဦးတင်မောင်ဝင်း ဖုန်း-၀၉-၄၉၂၆၂၀၄၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်ဋ္ဌေးကြွယ် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲခေါင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးစပါးအထွက်နှုန်း တိုးတက်ရေးအတွက် နည်းပညာဆွေးနွေးပွဲကျင်းပ

ပြည် ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့တွင် မိုးစပါးအထွက်နှုန်း တိုးတက်၍ ပန်းတိုင်အထွက်နှုန်းရရှိရန် နည်းပညာဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ(စိုက်ပညာ) ဦးလှကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တိုင်းဒေသကြီး မန်နေဂျာ ဦးအေးကိုကို၊ ဒုတိယတိုင်းဒေသကြီး မန်နေဂျာ ဦးသိန်းထွန်း၊ ပြည်ခရိုင်မန်နေဂျာ ဦးစိုးနိုင်နှင့် ပြည်ခရိုင်မှ မြို့နယ်မန်နေဂျာများ၊ စိုက်ပညာဝန်ထမ်းများ စုစုပေါင်း ၁၃၅ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး မန်နေဂျာ၊ ခရိုင်မန်နေဂျာ၊ မြို့နယ်မန်နေဂျာများနှင့် ဝန်ထမ်းများက မိုးစပါးမျိုးကွဲအလိုက်၊ မျိုးစေ့အဆင့်လိုက်၊ ဒေသမျိုးအလိုက်စံကွက်များ ရိတ်သိမ်းပြီးစီးမှုအပေါ် တွေ့ရှိချက်၊ သုံးသပ်ချက်များနှင့် ရှေ့လာမည့်နှစ်တွင် မိုးစပါးအထွက်နှုန်း တိုးတက်ရေးအတွက် အထွက်နှုန်း မိတ်ဖက်များ၏ အားနည်းချက်များအား ပြုပြင်ပြောင်းလဲလျက် ပန်းတိုင်အထွက်နှုန်းရှိရေး ဆောင်ရွက်မည့်အစီအစဉ်များ တင်ပြရာ အထွေထွေမန်နေဂျာ (စိုက်ပညာ)မှ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ဥရောပကော်မရှင်ဥက္ကဋ္ဌထံ သံအမတ်ကြီး ဦးသန့်ကျော်က ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့ အကြီးအကဲ သံအမတ်ကြီး ဦးသန့်ကျော်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဥရောပကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ဟိုစေးမန်နူရယ် ဘာရိုစိုထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥရောပကောင်စီဥက္ကဋ္ဌထံ သံအမတ်ကြီး ဦးသန့်ကျော်က ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့ အကြီးအကဲ သံအမတ်ကြီး ဦးသန့်ကျော်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဥရောပကောင်စီဥက္ကဋ္ဌ မစ္စတာ ဟာမန်ဗင်ရွမ်ဖိုင်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၂-၂၀၁၁ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"လူဖြစ်ပြီလား"တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
၆း၄၀	သက်ဝင်လှုပ်ရှား ရသရုပ်လုံးရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၅)**
၈း၃၅	လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-9)
၉း၁၀	Activities in The City [အထက (၃)မင်္ဂလာတောင်ညွန့်၏ အာစရိယပူဇော်ပွဲ]
၉း၃၀	Cartoon Show Time (Impy's Island)
၁၀း၁၀	လင်းလက်မှုများနှင့် ရှင်သန်စေချင် ငွေကျားတိုက်၏ ဂုဏ်ပြုအစီအစဉ်
၁၀း၂၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (မြန်မာ့ရေထွက်ကုန်ပစ္စည်း ဈေးရောင်းပွဲတော်)
၁၀း၄၀	Celebrity Style (ချမ်းချမ်း)
၁၁း၁၀	International Show Biz
၁၁း၃၀	ကန္ဒရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာဆီသို့ . .
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	Activities in The City [အမက(၁)ဗဟန်း၏ စုံညီပွဲတော်]
၁၂း၂၅	သင်ကြားရေးလမ်းညွှန် (HAWAII Education Center)
၁၂း၄၅	မြန်မာကြိုက် နံ့သာဖြူပရုပ်ဆီ
၁း၀၀	"လူဖြစ်ပြီလား"တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၅)
၃း၁၀	Activities in The City (547 Trading နှင့်မိတ်ဖက် ကုမ္ပဏီများ၏ အထူးဈေးရောင်း ပွဲတော်စာနယ်ဇင်းရှင်းလင်းပွဲ)
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၅)**
၄း၅၀	မမေ့မလျော့သောတမ်းတမှုတို့ဖြင့် ဦးညွှတ်ခြင်း
၅း၁၅	Celebrity Choice (ဇော်ပိုင်)
၅း၅၀	ရန်ကုန်မြင်ကွင်းကျယ် [အထက(၃)တာမွေကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ]
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ် ("မြန်မာသီဟကုမ္ပဏီလီမိတက်" ၏ရုံးချုပ်အဆောက်အအုံအသစ် ဖွင့်ပွဲအခမ်းအနား)
၆း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၉)**
၇း၂၀	လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-10)
၈း၀၀	MRTV-4 သတင်း
၈း၃၀	အနုပညာမိုးကောင်းကင်
၈း၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၆)**
၁၀း၁၀	ကြည်လင်သောရေ၏ လျှို့ဝှက်ချက်
၁၀း၂၀	စာအုပ်ပြခန်း (မြန်မာ့ခြင်းလုံးအားကစား အကြောင်းသိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့်ခြင်းလုံးခတ် လေ့ကျင့်နည်းများ)
၁၀း၄၀	ထာဝစဉ်အေးမြကြည်လင် ရေဆင်းရဲ့ဂုဏ်အင်
၁၀း၀၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ)
၁၁း၂၅	အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၁း၄၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ရှမ်းပိန်းဥအချိုကြော်၊ ရှမ်းပိန်းဥ အင်နကြော်နှင့် ဝက်နံရိုးပိန်းဥ ဟင်းချို)
၁၂း၀၀	လှပဝင့်ထည်မြန်မာ့ကြိမ်ထည်
၁၂း၁၅	World of Knowledge (Mega Structures; Super Factories)
၁း၀၅	သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညီမင်းလွင်)
၁း၂၅	သံစဉ်စာသားဖန်တီးသူများ (တေးရေးစောခူဆယ်လ်နှင့် တွေ့ဆုံခြင်း)
၁း၄၅	စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၁း၅၅	Movie Mistakes (Mr And Mrs Smith)
၂း၂၀	စိုက်ပျိုးဝေဆာတို့မြေမှာ (အပင်တစ်သျှူးမျိုးပွားနည်းများ)
၂း၄၀	လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်ဇာတ်သဘင်) (အပိုင်း-၁)
၃း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၄း၃၀	Smart Dictionary အကြောင်း သိကောင်းစရာ
၄း၄၅	မေတ္တာတရားနဲ့ အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၅း၀၀	အစီအစဉ်ပြီး။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော ဦးသိန်းစိန်ထံ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အကြီးအကဲက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့

ဘန်ဒါဆရီဘီဂါဝမ် ဖေဖော်ဝါရီ ၇

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးသိန်းစိန်ထံ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အကြီးအကဲ ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယားက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာတစ်စောင်ကို ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ဘရူနိုင်းအကြီးအကဲက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် အနာဂတ်အောင်မြင်မှုများ အမြောက်အမြားရရှိပါစေကြောင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်တွင် အထူးသဖြင့် အာဆီယံအဖွဲ့ကြီးအတွင်း မိမိတို့နှစ်နိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာတောင့်တင်းပါစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်းဖြင့် ဖော်ပြထားသည်။ **အမ်အင်အေ၊ ဘရူနိုင်းနယူးစ်။**

ရွေးချယ်တင်မြှောက်ခြင်းခံရသော မြန်မာခေါင်းဆောင်များထံ ဗီယက်နမ်သမ္မတနှင့် ဒုတိယသမ္မတတို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ဟနွိုင်း ဖေဖော်ဝါရီ ၇

ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးသိန်းစိန်ထံ ဗီယက်နမ်သမ္မတ ငုယင်မင်ကျစ်နှင့် ဝန်ကြီးချုပ် ငုယင်တန်ဇွန်းတို့က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာတစ်စောင်ကို ဖေဖော်ဝါရီ ၅ရက်တွင် ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်၏ဦးဆောင်မှုအောက်၌ မြန်မာနိုင်ငံသည် အမျိုးသားတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့၌ အောင်မြင်မှုများ ကြီးမားစွာရရှိပြီး နိုင်ငံတကာနှင့် ဒေသတွင်း၌လည်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း ဖော်ပြထားသည်။

ဗီယက်နမ် ဒုတိယသမ္မတ ငုယင်သီဒိုးကလည်း နိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်းတို့ထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို ယင်းနေ့တွင်ပင် ပေးပို့ခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်နေ့ကလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရသော ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရသော သူရဦးရွှေမန်းတို့ထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ တစ်စောင်ကို ဗီယက်နမ်အမျိုးသားလွှတ်တော် သဘာပတိ ငုယင်ဖူထရန်က ပေးပို့ခဲ့သည်။ **အမ်အင်အေ၊ ဗီယက်နမ်နယူးစ်။**

ဒုံးပျံကာကွယ်ရေးစနစ် စီမံချက်နှင့်ပတ်သက်၍ အမေရိကန်ကို ရုရှားသတိပေး

မော်စကို ဖေဖော်ဝါရီ ၇

အမေရိကန်နိုင်ငံ၏ ဒုံးပျံကာကွယ်ရေးတံတိုင်း တည်ဆောက်မှုသည် ရုရှား-အမေရိကန် နျူကလီးယားလက်နက်လျှော့ချရေးစာချုပ်တွင် ရုရှားနိုင်ငံအနေဖြင့် ဆက်လက်ပါဝင်သင့်၊ မသင့် ပြန်လည်သုံးသပ်ရန် ဖိအားပေးနေဖွယ်ရှိကြောင်း ရုရှားလက်ထောက်နိုင်ငံခြားရေးဝန်ကြီး၏ အဆိုကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဒုံးပျံကာကွယ်ရေးစွမ်းရည်အား အရေအတွက်ရော အရည်အသွေးအရပါ အမေရိကန်ပြည်ထောင်စုက တိုးမြှင့်နေခြင်းသည် မဟာဗျူဟာလက်နက်လျှော့ချရေးစာချုပ်သစ်စတာ့တ်တွင် ပါဝင်ရန်သင့်၊ မသင့်ကို ရုရှားအစိုးရက သုံးသပ်ရသည့်အခြေအနေသို့ ဆိုက်ရောက်စေလိမ့်မည်ဖြစ်ကြောင်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဆာဂီ ယက်ဘ်ကော့ဗ်၏ အဆိုကို ကိုးကား၍ ရုရှားမီဒီယာများ၌ ဖော်ပြသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က အတည်ပြုခဲ့ပြီးဖြစ်သော (စတာ့တ်)စာချုပ်အရ အမေရိကန်နှင့် ရုရှားတို့သည် ၎င်းတို့ အသီးသီးပိုင်ဆိုင်သော နျူကလီးယားထိပ်ဖူးများကို ၁၅၅၀ အထိ လျှော့ချပေးရမည်ဖြစ်သည်။

အမေရိကန်နိုင်ငံဦးဆောင်၍ ဥရောပတိုက်၌ ဒုံးပျံကာကွယ်ရေးတံတိုင်း တည်ဆောက်မှု စီမံချက်ကို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က သဘောတူထားပြီး ယင်းအစီအစဉ်၌ ရုရှားနိုင်ငံ ပါဝင်ရန်လည်းဖိတ်ခေါ်ထားသည်။

သို့ရာတွင် ဒုံးပျံကာကွယ်ရေးတံတိုင်းကို ရုရှားနိုင်ငံ၏ နျူကလီးယားတပ်ဖွဲ့များအား ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်း ရုရှားလက်ထောက်ကာကွယ်ရေးဝန်ကြီး အနာတိုလီ အင်တိုနော့ဗ်က ယနေ့ ပြောကြားသည်။ **အေပီ။**

ရီယိုကျူးကျော်ရပ်ကွက်များ လုံခြုံရေးတပ်ဖွဲ့ သိမ်းပိုက်

ရီယိုဒီဂျနေးရိုးမြို့ရှိ ကျူးကျော်ရပ်ကွက်တစ်ခုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများကို ရှာဖွေစဉ်။

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၇

ဘရာဇီးလ်နိုင်ငံ ရီယိုဒီဂျနေးရိုးမြို့လယ်မှ ကျူးကျော်ရပ်ကွက် ကိုးရပ်ကွက်ကို ရာပေါင်းများစွာသော အစိုးရလက်နက်ကိုင် တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၆ ရက် စောစောပိုင်းတွင် သိမ်းပိုက်နိုင်ခဲ့သည်ဟု အေအက်ဖ်ပီက ဖော်ပြသည်။

အဆိုပါရပ်ကွက်များကို မူးယစ်ဆေးဝါးရောင်းဝယ်သူ ဒုစရိုက်သမားများက ကြီးစိုးမင်းမူလျက်ရှိသည်။ သံချပ်ကာကား ၁၇ စီး၊ ကုန်းရေ နှစ်သွယ်သွား ကားလေးစီးနှင့် မရိန်းတပ်ဖွဲ့ဝင်များ၏ အကာအကွယ်ဖြင့် အရပ်သားများ၊ ရဲဘက်နှင့် စစ်ဘက်တပ်ဖွဲ့ဝင်များ ၁၀၀၀ နီးပါး ပါဝင်သည့်အဖွဲ့သည် နှစ်နာရီကြာ စစ်ဆင်ရေးကို အရုဏ်တက်ချိန်တွင် စတင်ခဲ့ပြီး ခုခံမှုအနည်းငယ်မျှသာ ရင်ဆိုင်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။

အခြေအနေ ငြိမ်သက်လျက်ရှိပြီး နယ်မြေထိန်းချုပ်ရေး စစ်ဆင်ရေးပထမပိုင်းကို အပြီးသတ်နိုင်ခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး လီမာကတ်စထရိုက စီဘီအမ်ရေဒီယိုသို့ ပြောကြားခဲ့သည်။

ကျင်းပရန်စီစဉ်ထား

ရီယိုဒီဂျနေးရိုးမြို့၏ ကျူးကျော်ရပ်ကွက်များအတွင်း တရားဥပဒေစိုးမိုးစေရန် အာဏာပိုင်များ၏ အစီအစဉ် အစိတ်အပိုင်းတစ်ရပ်အဖြစ် လူဦးရေ ၂၆၀၀၀ ခန့် နေထိုင်သည့် ယင်းရပ်ကွက်များ၌ လက်နက်များ၊ မူးယစ်ဆေးဝါးများကို လုံခြုံရေးတပ်ဖွဲ့များက တစ်လကြာမျှ ရှာဖွေသိမ်းဆည်းမည်ဖြစ်သည်။ သာယာလှပခြင်းကြောင့် လည်းကောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းကြောင့် လည်းကောင်း ထင်ရှားကျော်ကြားသည့် ယင်းမြို့တော်တွင် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် ၂၀၁၆ အိုလံပစ် အားကစားပြိုင်ပွဲများ ကျင်းပရန် စီစဉ်ထားသည်။ **အေအက်ဖ်ပီ။**

အစ္စရေးတပ်ဖွဲ့ဝင်များ တပ်စွဲထားသော ဂိုလန်ကုန်းပြင်မြင့်မှ ဂါဂျာကျေးရွာ။

လက်ဘနွန်နိုင်ငံရေး အခြေအနေကြောင့် နယ်စပ်ကျေးရွာမှ အစ္စရေးတပ်ဖွဲ့ဝင်များရုပ်သိမ်းရေး ရွှေ့ဆိုင်း

ဂျေရုဆလင် ဖေဖော်ဝါရီ ၇

လက်ဘနွန်ပြည်တွင်း နိုင်ငံရေးပြဿနာကြောင့် နှစ်နိုင်ငံနယ်စပ် ကျေးရွာတစ်ရွာ၌ တပ်စွဲထားသော အစ္စရေးတပ်ဖွဲ့ဝင်များကို ရုပ်သိမ်းမည့်စီမံချက်အား ခေတ္တရပ်ဆိုင်းထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဟစ်ဇ်ဘိုလာ စစ်သွေးကြွအုပ်စုကြောင့် ဝန်ကြီးချုပ် ဆာအက်ဒ်ဟာရီရီဦးဆောင်သော လက်ဘနွန်အစိုးရ ပြိုကွဲပြီးနောက် ဂါဂျာကျေးရွာရှိ အစ္စရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအစီအစဉ်ကို ရပ်ဆိုင်းထားကြောင်း အမည်မဖော်လိုသူ အစ္စရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂါဂျာကျေးရွာတောင်ပိုင်းသည် လက်ဘနွန်နိုင်ငံတွင်း၌ တည်ရှိပြီး ကျန်အပိုင်းသည် ၁၉၆၇ ခုနှစ်စစ်ပွဲအတွင်း အစ္စရေးတပ်ဖွဲ့များ သိမ်းပိုက်ခဲ့သော ဂိုလန်ကုန်းပြင်မြင့်တွင်ပါဝင်သည်။ သို့ရာတွင် ၂၀၀၆ခုနှစ် အစ္စရေး-ဟစ်ဇ်ဘိုလာ စစ်ပွဲအတွင်း လက်ဘနွန်ပိုင်ဆိုင်သည့် ဂါဂျာကျေးရွာတောင်ပိုင်းကိုလည်း အစ္စရေးက သိမ်းပိုက်ခဲ့သည်။

ဂါဂျာကျေးရွာ၌ လူဦးရေ ၂၂၀၀ ဝန်းကျင် နေထိုင်ပြီး ကျေးရွာကို ပြန်လည်ခွဲခြမ်းမှုအား အများစုက ဆန့်ကျင်ကြသည်။ **အေအက်ဖ်ပီ။**

ပါကစ္စတန်နိုင်ငံ လာဟိုး မီးဘေးကြောင့် လူ ၂၇ ဦး ဒဏ်ရာရ

လာဟိုး ဖေဖော်ဝါရီ ၇

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့ စီးပွားရေးနယ်မြေတစ်ခု၌ တနင်္လာနေ့က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အဆောက်အအုံများ မီးသင့်ခဲ့ရပြီး အနည်းဆုံး လူ ၂၇ဦး ဒဏ်ရာရခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

လာဟိုးမြို့ဟောင်းရှိ အထပ် ၁၀ထပ်မြင့်သော အဆောက်အအုံတစ်လုံး၌ ယနေ့အစောပိုင်းက မီးလောင်မှုစတင်ခဲ့ပြီး အနီးအနားရှိ ဝတ်ကျောင်းတစ်ခုနှင့် အဆောက်အအုံနှစ်လုံးကို ဆက်လက်ကူးစက်ခဲ့ကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးလောင်မှုကြောင့် အနည်းဆုံးလူ ၂၇ ဦး ဒဏ်ရာရခဲ့ကြောင်း ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်တစ်ဦးက အတည်ပြုခဲ့သည်။

လာဟိုးမြို့ဟောင်း မြို့တွင်းလမ်းများကျဉ်းမြောင်းမှုကြောင့် မီးသတ်ယာဉ်များ မီးလောင်မှု ဖြစ်ပွားရာနေရာအထိ ဝင်ရောက်နိုင်မှုမရှိခြင်း၊ မီးသတ်ပိုက်များလုံလောက်သည့်အရှည် မရှိခြင်းကြောင့် မီးငြိမ်းသတ်မှုလုပ်ငန်း ထိရောက်မှုမရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးလောင်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုအတိုင်းအဆပမာဏကို ခန့်မှန်းတွက်ချက်နေဆဲဖြစ်ကြောင်း သက်ဆိုင်ရာကဆိုသည်။ **အေအက်ဖ်ပီ။**

သြစတြေးလျအနောက်ပိုင်း၌ တောမီးလောင်

ပါ့သ် ဖေဖော်ဝါရီ ၇

သြစတြေးလျနိုင်ငံအနောက်ပိုင်း၌ဖေဖော်ဝါရီ ၅ရက်က စတင်ဖြစ်ပွားသော တောမီးလောင်ကျွမ်းမှုနှစ်ရပ်ကို မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့ ကြိုးစားငြိမ်းသတ်နေကြရကြောင်း သြစတြေးလျတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တောမီးလောင်ကျွမ်းမှုတစ်ခုသည် သြစတြေးလျနိုင်ငံ၏ စတုတ္ထအကြီးဆုံးမြို့ဖြစ်သော ပါ့သ်မြို့ ဆင်ခြေဖုံးအနီး၌ ဖြစ်ပွားခဲ့ရာ**(အပေါ်ပုံ)** အနည်းဆုံး လူနေအိမ် ၅၉ လုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရခဲ့သည်။

ပါ့သ်မြို့၏ မြောက်ဘက်နှင့် တောင်ဘက်တို့၌ လောင်ကျွမ်းနေသော တောမီးများကြောင့် သစ်တောဧက ၄၀၀၀ ဆုံးရှုံးခဲ့ရပြီး လူအမြောက်အမြား မီးခိုးငွေ့များကို ရှူရှိုက်နေကြရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အပူချိန်နှင့် လေတိုက်ခတ်မှု ပြင်းထန်မှုကြောင့် တောမီးကိုငြိမ်းနိုင်ရန် ခက်ခဲလျက်ရှိရာ ပါ့သ်မြို့ တည်ရှိရာဒေသကို သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသအဖြစ် သြစတြေးလျ အာဏာပိုင်များက ကြေညာထားသည်။ ပါ့သ်မြို့၏တောင်ဘက် ရော်လေစတုန်းဒေသ၌ လောင်ကျွမ်းသော တောမီးသည် လူတစ်ဦး မြက်ခြောက်များ မီးရှို့ရာမှ စတင်ခဲ့ပြီး မြောက်ပိုင်း ရက်ဒ်ဟေးလ်ဒေသ၌လောင်သော တောမီးသည် လေပြင်းတိုက်ခတ်မှုကြောင့် ကျိုးကျသော သစ်ကိုင်းတစ်ကိုင်း ဓာတ်အားလိုင်းနှင့်ရိုက်မိရာမှ အစပြုခဲ့သည်။ **အေပီ။**

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဌေးဦး အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး**(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စီမံဆောင်ရွက်ရာ၌ လယ်ယာကဏ္ဍ၏ ပကတိဖြစ်ပေါ်နေမှု အခြေအနေများကို အမှန်အတိုင်းသိရှိရေး၊ သီးနှံစိုက်ဧက၊ ရိတ်သိမ်းဧက၊ တစ်ဧကထွက်ရှိမှု၊ စုစုပေါင်းထွက်ရှိမှု၊ တိကျမှန်ကန်သည့် ကိန်းဂဏန်းများရရှိရေးသည် အရေးကြီးကြောင်း၊ သို့မှသာ ဝမ်းစာဖူလုံမှု၊ ပိုလျှံမှု၊ ဈေးကွက်ဝင်သီးနှံတိုးတက်ထုတ်လုပ်ရန် လျာထားစီမံနိုင်မှုတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာ ဒေသအလိုက် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် လိုအပ်ချက်များကို ကွင်းဆင်းဖြည့်ဆည်းပေးပြီး လက်အောက်ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားရေးနှင့် သက်သာချောင်ချိရေးတို့ဆောင်ရွက်ပေးရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

WISE International School for Executives မှ Certificate in Human Resource Management အမည်ရှိ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီခွဲမှ ၈ နာရီအထိ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများနှင့် လက်တွေ့အကြောင်းအရာများကို နားလည်သဘောပေါက်စေရန်၊ လုပ်ငန်းခွင်တွင် လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသော ဝန်ထမ်းကောင်းများအား ရွေးချယ်ခန့်အပ်နိုင်စေရန်၊ ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း စွမ်းဆောင်ရည်ပြည့်ဝစွာနှင့် အဆင်ပြေချောမွေ့စွာလုပ်ကိုင်နိုင်ရန် လိုအပ်သော စွမ်းရည်ရရှိနိုင်ရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်၊ စွမ်းရည်ပြည့်ဝသော ဝန်ထမ်းများ လုပ်ငန်းခွင်တွင် တည်မြဲစေရေးအတွက် လုပ်ဆောင်ချက်များ မှန်ကန်စေရန်၊ ဝန်ထမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ သဘောတရားများကို ပိုမိုသိရှိစေရန် ရည်ရွယ်ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းသို့ တက်ရောက်သင့်သူများမှာ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် တာဝန်ထမ်းဆောင်နေသော HR Manager များ၊ စီမံအုပ်ချုပ်နေသူများ၊ လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများကို စိတ်ပါဝင်စားစွာ လေ့လာလိုသူများ တက်ရောက်သင့်သည်။

Workgroup Presentation များ လုပ်ခြင်း၊ Strategic Game များ ကစားခြင်း၊ Group Discussion များ စသည့် သင်တန်းသားအခြေပြု သင်ကြားမှုပုံစံများကို အသုံးပြု၍ Human Resource Management ကို ဝါရင့်အတွေ့အကြုံရှိ Ph.D ဘွဲ့ရ ဆရာမကြီးများက အထူးဆွေးနွေးမည်ဖြစ်သည်။

သင်တန်းကာလမှာ နာရီ ၂၀ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ဖြစ်ကာ စိတ်ပါဝင်စားသူများနှင့် တက်ရောက်လိုသူများသည် WISE International School for Executives အခန်းအမှတ် (၁၀၀၉) (၁၀)ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်းကြိုတင်စာရင်းပေးသွင်းနိုင်သည်။

Member Program အသင်းဝင်များအား အထူးအစီအစဉ်ဖြင့် သတ်မှတ်ထားသော ခံစားခွင့်အပြင် သင်တန်းကြေး ၄၀ရာခိုင်နှုန်းကို ထပ်မံလျှော့၍ ခံစားခွင့်ပေးသွားမည်ဖြစ်သည်။ Member Program တွင် အသင်းဝင်လိုသူများသည် WISE International School for Executives, Member Department သို့ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်းနှင့် Business လုပ်ငန်းနှင့် ပတ်သက်သော Management သင်တန်းများကို လစဉ်ဖွင့်လှစ်သင်ကြားပို့ချနေကြောင်း သိရှိရသည်။ (သတင်းစဉ်)

အလက(၁)မြောက်ဦးကလာ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အလက(၁)မြောက်ဦးကလာ (ယခင်ပွင့်ကောင်းကျောင်း)တွင် ပညာသင်ကြားခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူဟောင်းများက ၁၉၆၀မှ ၂၀၁၁ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ယင်းကျောင်းရှိ ငုဝါခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ကျောင်းဖုန်း-၆၉၉၃၆၃၊ ဦးတင်စိုး ဖုန်း-၀၉-၅၀၂၅၈၄၈၊ ဦးတင်ထွန်း ဖုန်း-၀၉-၄၉၂၃၄၈၃၅၊ ဒေါက်တာခင်မောင်ဝင်း၊ ဦးဟုတ်စိန် ဖုန်း-၀၉-၅၀၉၄၉၁၂၊ ဦးခင်ဇော် ဖုန်း-၀၉-၅၁၆၂၁၄၁၊ ဦးမြင့်ဆွေ ဖုန်း-၇၃၀၄၂၆၃၂၊ ဦးမောင်မောင်စိုး ဖုန်း-၀၉-၄၉၃၁၃၉၅၆၊ ဦးလမင်း-ဒေါ်တင်တင်ဝင်း ဖုန်း-၆၆၁ ၃၁၆၊ ဦးတင်ဝင်း ဖုန်း-၀၉-၅၀၁၂၉၂၃၊ ကိုသိန်းစိုး ဖုန်း-၇၃၀၉၉၇၃၃၊ ကိုဇော်မင်း ဖုန်း-၀၉-၅၁၄၀၂၆၆၊ ကိုကျော်ခေါင် ဖုန်း-၀၉-၅၀၈၆၅၆၆၊ ကိုအောင်စိုး(Video) ဖုန်း-၇၃၀၃၇၇၇၀၊ ကိုဝင်းနိုင် ဖုန်း-၇၃၀၆ ၄၇၇၆၊ ကိုထွန်းရီ ဖုန်း-၀၉-၈၀၂ ၁၈၅၈၊ ဒေါ်ခင်အေးဝင်း ဖုန်း-၇၃၀၆၄၂၀၇၊ ဒေါ်ခင်လေးငယ် ဖုန်း-၇၃၀၁၀၆၂၆၊ ဒေါ်ခင်ဇီဝါ ဖုန်း-၀၉ ၅၀၅၉၇၆၃၊ ဒေါ်ဝင်းချိုချို ဖုန်း-၇၀၀၇၂၂၊ မနန်းနွယ်စိုး (ဒေါ်ဝင်းမင်း)ဖုန်း-၀၉ ၅၂၀၇၅၇၊ ကိုဝင်းဗိုလ်-၀၉ ၅၁ ၈၀၉၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၅၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ပြင်သစ်တွင် ပထမဆုံးအကြိမ်ကျင်းပမည့် နိုင်ငံတကာကိုယ်ခံပညာပြပွဲ၌ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်သွားရောက်ပြသမည်၊ မြန်မာနိုင်ငံ၏ အကြီးဆုံးဈေးဝယ်စင်တာကြီး ဖွင့်လှစ်လိုက်ပြီ၊ ဆိုမာလီပင်လယ်ဓားပြများလက်မှ လွတ်မြောက်လာသည့် မြန်မာသင်္ဘောသားများ ပြန်လည်ရောက်ရှိ၊ မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်လာမည့် ဂန္ဓမာလက်ကားဈေးကြီး ရွှေ့လတွင်ဖွင့်မည်၊ ငွေဆောင်မှ ငှက်ကျွန်းနှင့် ကျွန်းလျားရှည်ကျွန်းကြားတွင် အချို့လများ၌ လင်းပိုင်များကို ထူးထူးခြားခြားမြင်တွေ့နိုင်၊ ရှော့ပင်းစင်တာများတွင် မော်တော်ယာဉ်ပြခန်းများထား၍ ရောင်းချမည်၊ ဗီဇာအတုဂယက်ကြောင့် မလေးရှားစက်ရုံများမှ လုပ်သားခေါ်ယူမှုပုံစံအချို့ပြောင်း၊ သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ ပထမဆုံးကျင်းပမည်၊ တောင်ပေါ်ပေ ၁၀၀၀အမြင့်မှ ပြုတ်ကျသော်လည်း အသက်မသေ၊ ရောမခေတ်ပုံရိပ်များထင်ဟပ်နေသည့် Colosseum၊ မျက်မမြင်များမောင်းနိုင်သည့်ကား ထွက်ပေါ်လာ၊ သက်ရှိများနေထိုင်နိုင်ဖွယ်ရှိသော ဂြိုဟ်ပေါင်း ၅၀ကျော်တွေ့ရှိ၊ ဩစတြေးလျတွင် တစ်နာရီ မိုင် ၁၇၀ကျော်နှုန်းဖြင့် မုန်တိုင်းတိုက်ခဲ့သော်လည်း လူတစ်ဦးသာလျှင်သေဆုံး၊ ကျောက်ကပ် ၂၄၀၀ကျော်ကို ရောင်းဝယ်ခဲ့သည့် ဆရာဝန်အား နိုင်ငံတကာရဲအဖွဲ့က ဖမ်းဝရမ်းထုတ် စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။ (သတင်းစဉ်)

အထက(၄) သဃ်န်းကျွန်း မြတ်ဆရာပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ယခင်အလက(၁) ယခု အထက(၄)၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် လေးဘာသာဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ကာ ကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဦးမောင်မောင်လေးနှင့် ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်နွဲ့နွဲ့တို့က ဩဝါဒစကားပြောကြားကြောင်း သိရသည်။**(အောက်ပုံ)** (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

မိတ္ထီလာ ဖေဖော်ဝါရီ ၇

ဖေဖော်ဝါရီ ၇ ရက်တွင် မိတ္ထီလာဂေါက်ကွင်း၌ ဗိုလ်ကြီးအောင်ကျော်မိုးသည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအောင်ဆွေမြင့်၊ ဗိုလ်မှူးသောင်းအေး၊ ဗိုလ်ကြီးအောင်ကိုကိုတို့နှင့် ဂေါက်သီးရိုက်ကစားစဉ် ၁၃၆ကိုက်အကွာ ကျင်းအမှတ်(၄)ကို SRIHON-2 ဘောလုံးအား MIZUNO.IRON.NO.7 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (ကြေးမုံ)

ဦးကျော်တင်အား ကနေဒါနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်အား ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၁၀ ၂။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ 'သက်ရှည်ကျန်းမာ လေ့ကျင့်ပါ'
- ၈း၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၅ ၈။ အကပြိုင်ပွဲ
- ၈း၂၅ ၉။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ ကြေးမုံရိပ်သွင်တေးနယ်ဉ
- ၄း၂၀ ၃။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄း၃၀ ၄။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(သမိုင်းဘာသာရပ်)
- ၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၁၅ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၃၀ ၈။ "ကြယ်စင်ဥယျာဉ်"
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၃၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၇)**
- ၇း၄၀ ၁၃။ "ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ" (အသီးတစ်ရာ အညာတစ်ခုဒို့ပြည်ထောင်စု)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ရယ်စရာဟာသများ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၁)**
- ၁၉။ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာ မူလတန်းကျောင်းမှ ၂၀၀၉-၂၀၁၀ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ မြို့နယ်အဆင့် ဘက်စုံဒုတိယ၊ ကျောင်းလုပ်ငန်းပထမ၊ သိပ္ပံဘာသာထူးချွန်၊ မြန်မာစာစွမ်းရည်မြင့်မားရေးနှစ်ဆု ပညာရည်ချွန် ပထမရရှိသော စတုတ္ထတန်းမှ မခိုင်သဥ္ဇာဟန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းထွေး ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYANMAR MERCANTILE MARINE DEVELOPMENT ASSOCIATION)၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက် (ကြာသပတေးနေ့)၌ ရန်ကုန်မြို့ ပြည်လမ်းရှိ International Business Centre (I.B.C) ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးနှင့်အတူ P&I Club Local Correspondent မှ ဒေါ်တင်ဥမ္မာထွန်းက Bill of Lading နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခြင်းများပြုလုပ်မည်ဖြစ်ရာ အသင်းသားများအားလုံး မပျက်မကွက် စုံညီစွာတက်ရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။

(ကြေးမုံ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကရင်ပြည်နယ်

ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	စိုက်ပျိုးမြေ	ဧက	၅၇၆၂၂၈	၉၉၁၃၁၅	၄၁၅၀၈၇
၂	မြစ်ရေတင်လုပ်ငန်း	ခု	-	၇	၇
၃	ကြိုးဝိုင်းတော	စတုရန်းမိုင်	၁၆၃၃. ၃၂	၁၇၅၂. ၃၂	၁၁၉
၄	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၁၇၃၃. ၄၇	၁၇၃၃. ၄၇
၅	ကားလမ်း	မိုင်	၁၀၇၈	၃၁၂၉	၂၀၅၁
၆	ပေ ၁၈၀ အထက်တံတား	စင်း	၁၀	၁၇	၇
၇	စာတိုက်စခန်း	ခု	၂၃	၃၇	၁၄
၈	ကြေးနန်းရုံး	ရုံး	၇	၁၅	၈
၉	တယ်လီဖုန်းရုံး	ရုံး	၅	၂၄	၁၉
၁၀	မိုက္ကရိုဝေ့ဗ်စခန်း	ခု	၁	၈	၇
၁၁	အသေးစားရေအားလျှပ်စစ်	ရုံ	၁	၈၉	၈၈
၁၂	နိုင်ငံပိုင်စက်ရုံ	ရုံ	၆	၇	၁
၁၃	ပုဂ္ဂလိကစက်ရုံ	ရုံ	၂၀၉	၅၈၆	၃၇၇
၁၄	အခြေခံပညာကျောင်း	ကျောင်း	၁၁၄၉	၁၃၃၈	၁၈၉
၁၅	တက္ကသိုလ်၊ ကောလိပ်	ခု	၁	၂	၁
၁၆	နည်းပညာတက္ကသိုလ်	ခု	-	၁	၁
၁၇	ကွန်ပျူတာတက္ကသိုလ်	ခု	-	၁	၁
၁၈	ဆေးရုံ	ရုံ	၁၆	၂၆	၁၀

ကွန်ပျူတာတက္ကသိုလ် (ဘားအံ)

ကွန်ပျူတာပညာရှင်များ မွေးထုတ်ပေးနေသည့် ကွန်ပျူတာတက္ကသိုလ် (ဘားအံ)ကလည်း ပြည်နယ်၏ ဂုဏ်ကိုဆောင်လျက်။

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ကရင်ပြည်နယ်တစ်ခွင်

❖ **ရွှေဖုံးမှ**

ယခင်က လမ်းမိုင် တစ်ထောင်ကျော်သာရှိရာမှ ယခု မိုင်သုံးထောင်ကျော်အထိ ရှိလာသည်။ ပြည်နယ်အတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရန်အတွက် ယခင်က ကောလိပ်တစ်ခုတည်းသာရှိရာမှ ယခုအခါ တက္ကသိုလ်တစ်ခု၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုနှင့် နည်းပညာတက္ကသိုလ်တစ်ခုစီ တည်ဆောက်ပေးထားသည်။ ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း ဆေးရုံ၊ ဆေးခန်းများ သိသာစွာ တိုးတက်ဖြစ်ထွန်းလာသည်။

ထို့အပြင် ပြည်နယ်၏အနာဂတ် ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် အကျိုးပြုဧက ၃၀၀၀ရှိမည့် ရေဘုတ်ရေလှောင်တမံ၊ ဝင်းယော်နှင့် ဟောင်သရောမြစ်တို့ကို ဖြတ်သန်းမည့် မြစ်ကူးတံတားကြီးများနှင့် ၇၃၂၅ မဂ္ဂါဝပ်ထုတ်လွှတ်ပေးမည့် ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းတို့ကို တည်ဆောက်ပေးလျက်ရှိသည်။

ကရင်ပြည်နယ်သည် နိုင်ငံတော်၏ စေတနာပန်းများ ပွင့်လန်းရာမြေ၊ သွေးချင်းတို့၏ဌာနေ ဖြစ်သည်နှင့်အညီ ညီနောင်ပြည်နယ်နှင့် တိုင်းဒေသကြီးများနည်းတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ၁၉၈၈ ခုနှစ်ကာလနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများက နှိုင်းယှဉ်သက်သေပြလျက်ရှိသည်။ ။

ရေဘုတ်ဆည်

လှိုင်းဘွဲ့မြို့နယ်အတွင်း သီးထပ်နွေစပါးများ အထွက်တိုးစေရန်အတွက် တည်ဆောက်လျက်ရှိသည့် ရေဘုတ်ဆည်ကို တွေ့ရစဉ်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ဆဲ စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁	ရေဘုတ် ရေလှောင်တမံ	လှိုင်းဘွဲ့မြို့နယ်	အကျိုးပြုဧက (၃၀၀၀)
၂	ဝင်းယော်တံတား	သပုထိုကျေးရွာ ကြာအင်းဆိပ်ကြီးမြို့နယ်	ပေ ၃၄၀
၃	ဟောင်သရောတံတား	ကြာအင်းဆိပ်ကြီးမြို့နယ်	ပေ ၂၇၀
၄	CDMA/GSM မိုဘိုင်းလ်ဖုန်း	ကရင်ပြည်နယ်	၃၉၀၁ လုံး
၅	GSM မိုဘိုင်းလ်ဖုန်း	ဘားအံမြို့၊ မြဝတီမြို့	၂၇၅၂ လုံး
၆	ဟတ်ကြီး ရေအားလျှပ်စစ်	လှိုင်းဘွဲ့မြို့နယ်	၇၁၂၅ မဂ္ဂါဝပ်

နည်းပညာတက္ကသိုလ် (ဘားအံ)

ကရင်ပြည်နယ် ဘားအံမြို့တွင် တည်ဆောက်ပေးထားသော နည်းပညာတက္ကသိုလ်(ဘားအံ)မှ ဒေသခံတိုင်းရင်းသား လူငယ်အတတ်ပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်။

ဇွဲကပင်တောင်ခြေတွင် တည် ဆောက် ထား သော ဟိုတယ်များမှာ ခရီးသွားများအတွက် အပန်းဖြေရာဖြစ်သည်။



ဂျိုင်း (ကော့ကရိတ်) မြစ်ကူးတံတား

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် တည်ဆောက်ပေးထားသည့် အရှည်ပေ ၁၂၀၀ ရှိ ဂျိုင်းမြစ်ကူး ဂျိုင်း (ကော့ကရိတ်) တံတားသည် ပြည်နယ်အတွင်း သာမက ညီနောင်ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ပါ ဆက်သွယ်သွားလာနိုင်လျက်ရှိသည်။

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊
- ☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊
- ☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ပြည်ထောင်စုရဲ့အား

❖ ဒို့ညီနောင်ထု၊ ပြည်ထောင်စု၏
ဥပဓိရုပ်အမှန်၊ ဟန်ဆောင်မှုကင်း
လွန်ရိုးစင်းစွာ၊ ချစ်ခြင်းတရား
နှလုံးသားက၊ စကားပြောနေ
ပဝေသဏီရှေး၊ သမိုင်းရေးခဲ့
ဝေးသော်လည်းချစ်၊ နီးလည်းချစ်ခင်
သံယောဇဉ်ဖြင့်၊ ဆွဲငင်ရစ်ပတ်
သည်စိတ်ဓာတ်သည်၊ မတ်မတ်ခိုင်ခိုင်
မယိမ်းယိုင်ဘဲ၊ နိုင်ငံတော်အား
ဝန်းရံထားဖို့ .....
အင်အားအစစ်၊ အမှန်ဖြစ်၏။

❖ ရိုးမတစ်လွှား၊ တောင်ပေါ်သားနှင့်
သွေးသားရင်းချာ၊ မြေပြန့်မှာနေ
ဒို့တစ်တွေ၏၊ အမွေတစ်ခု
ပြည်ထောင်စုစိတ်၊ မဖိတ်မစဉ်
ချစ်ခင်အတူတကွ၊ နေသွားကြမှု
မည်သူဖျက်ဖျက်၊ မကွဲအက်ဘူး
လက်သည်းကိုဆိတ်၊ လက်ထိပ်နာတတ်
မြန်မာ့စိတ်ဓာတ်ကို၊ မှတ်တမ်းတင်ထား
ပြည်ထောင်သားတို့ ....
အင်အားအစစ်၊ အမှန်ဖြစ်၏။

❖ ကိုယ့်ဆွေကိုယ့်မျိုး၊ ကိုယ်တိုင်ပျိုးသည့်
မျိုးနွယ်စုဝင်၊ အားလုံးပင်တည့်
သင်လည်းပါဝင်၊ ဒို့ပါဝင်မှ
အောင်မြင်ထမြောက်၊ ခရီးပေါက်လိမ့်
တစ်ယောက်မကျန်၊ နောက်မချန်တမ်း
အေးချမ်းခေတ်မီ၊ ပြည်သစ်တည်ဖို့
တူညီအသိ၊ ကိုယ်စီရှိကြ
မုန်းစတိုင်စေ၊ ချစ်စရှေ့(ရှည်)မှ
မြန်မာ့လူ့ဘောင်၊ ဒို့ပြည်ထောင်စု
တည်ထောင်မှုအတွက်၊ လက်ချင်းဆက်ထား
ညီနောင်များတို့ .....
အင်အားအစစ်၊ အမှန်ဖြစ်၏။

❖ နိုင်ငံတော်သစ်၊ ထုဆစ်ပုံလောင်း
ကောင်းထက်ကောင်းအောင်၊ ဒို့စွမ်းဆောင်ဖို့
ပြည်ထောင်စုသား၊ သွေးချင်းများက
အားလုံးအကျိုး၊ ဝိုင်းသယ်ပိုးလော့ .....,
မိုးထက်မြင့်မား၊ စိတ်ဓာတ်များနှင့်
စွမ်းအားရှိသမျှ၊ ပါဝင်ကြလော့ .....,
မြန်မာ့ဂုဏ်ဟိတ်၊ မြန်မာ့စိတ်ဖြင့်
ထိပ်ဆုံးအရောက်၊ လမ်းသစ်ဖောက်လော့ .....။

❖ ဒို့သွေးသားချင်း၊ သံသယကင်းစင်
ချစ်ခင်ရင်းစွဲ၊ ရှိနေဆဲအလှ
ရှေးမဆွမှသည်၊ ကမ္ဘာတည်အောင်
ပြည်ထောင်စုကြီး၊ ဆင်စီးမြင်းရံ
အမွေဆက်ခံဖို့၊ မြန်မာတို့စွမ်းပကား
ပြည်တွင်းအားသာ ....
အင်အားအစစ်၊ အမှန်ဖြစ်၏။ ။

(၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဟသ်ာတမြင့်ငွေ

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အ

ပင်လုံညီလာ

ပြည်ထောင်စုစိတ်ဓာ

'ပြည်ထောင်စု'ဆိုတာက နိုင်ငံတစ်ခုကို တည်ဆောက်တဲ့ပုံစံအရ ခေါ်တွင်သုံးနှုန်းတဲ့ နိုင်ငံအမည်နာမပါ။ ကမ္ဘာ့နိုင်ငံတွေမှာ တိုင်းရင်းသားနွယ်ဖွား လူမျိုးစု များများစားစားမရှိရင်၊ လူမျိုးနွယ်တစ်မျိုး နှစ်မျိုးလောက်သာရှိရင် နိုင်ငံကို တစ်ပြည်ထောင်စနစ်နဲ့ တည်ဆောက်ပါတယ်။ အချို့နိုင်ငံတွေမှာ လူမျိုးနွယ်စု ငါးဆယ်ကျော်ရှိပေမယ့် အစိုးရတစ်ရပ်တည်းက ပိုင်ပိုင်နိုင်နိုင် တာဝန်ခံပြီး စီမံအုပ်ချုပ်နိုင်အောင် တစ်ပြည်ထောင်စနစ်နဲ့ပဲ နိုင်ငံတော်ကို တည်ဆောက်ဖွဲ့စည်းပါတယ်။ [ဥပမာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ဟန်လူမျိုးက လူများစုကြီးဖြစ်ပြီး အခြားတိုင်းရင်းသားလူမျိုးစု (၅၅)မျိုးရှိသော်လည်း တစ်ပြည်ထောင်စနစ်နဲ့ နိုင်ငံကိုဖွဲ့စည်းတည်ဆောက်ထားပါတယ်။] အဲဒီ တစ်ပြည်ထောင်စနစ်ကို အင်္ဂလိပ်ဘာသာစကားနဲ့ Unitary State လို့ သုံးနှုန်းပါတယ်။

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေထဲမှာ တိုင်းရင်းသားလူမျိုးနွယ် အများအပြားရှိတဲ့နိုင်ငံ၊ တိုင်းရင်းသားဒေသတွေ အခိုင်အမာစုစည်းမိတဲ့ နိုင်ငံတွေမှာ ပြည်ထောင်စုပုံစံနဲ့ နိုင်ငံတော်ကို ဖွဲ့စည်းတည်ဆောက်ကြပါတယ်။ အင်္ဂလိပ်လိုနိုင်ငံ နာမည်ရှေ့မှာ United, Union, Federal စတဲ့ ရှေ့ဆက်နာမဝိသေသနတွေနဲ့ခေါ်တွင်တဲ့ နိုင်ငံတွေဟာ ပြည်ထောင်စုတွေပါပဲ။ ဥပမာ United States of America (အမေရိကန်ပြည်ထောင်စု)၊ Union of Myanmar (ပြည်ထောင်စုမြန်မာနိုင်ငံတော်)၊ United Kingdom (အင်္ဂလန်၊ ဝေလ၊ စကော့၊ မြောက်အိုင်ယာလန်တို့ကို ပြည်နယ်လေးခုအဖြစ် သတ်မှတ်စုစည်းကာ ဗြိတိသျှ ဘုရင်၊ ဘုရင်မများက အုပ်စိုးတဲ့ ဗြိတိသျှဘုရင့်နိုင်ငံတော်အမည်ခံ ဗြိတိသျှပြည်ထောင်စု)၊ Federal Republic of Germany (ဂျာမန်ပြည်ထောင်စုသမ္မတနိုင်ငံ) စသည်တို့ဖြစ်ပါတယ်။ အလားတူ ဩစတြေးလျ၊ အိန္ဒိယ၊ နိုက်ဂျီးရီးယား၊ တောင်အာဖရိက၊ ယူဂိုဆလပ်စတဲ့ နိုင်ငံပေါင်း(၂၅)ခုလောက်ဟာ ပြည်ထောင်စုတွေပါပဲ။ အိန္ဒိယနိုင်ငံဟာ ပြည်နယ်များစွာ၊ လူမျိုးနွယ် အများအပြားနဲ့ ဖွဲ့ထားတဲ့ ပြည်ထောင်စုပေမယ့် နိုင်ငံအမည်မှာ ပြည်ထောင်စုဆိုတဲ့ စကားလုံးထည့်မသုံးနှုန်းပါဘူး။

ဖက်ဒရယ်(Federal)၊ ဖက်ဒရေးရှင်း (Federation)ဆိုတဲ့ အသုံးအနှုန်းက ပြည်နယ်တွေ၊ တိုင်းရင်းသားဒေသတွေနဲ့စုဖွဲ့တဲ့ ပြည်ထောင်စုပါပဲ။ သီးခြား အချုပ်အခြာအာဏာပိုင်၊ သီးခြားလွတ်လပ်၊ သီးခြားအစိုးရ၊ သီးခြားဥပဒေပြုလွှတ်တော်၊ သီးခြားတရားလွှတ်တော်ရှိတဲ့ နိုင်ငံတွေစုဖွဲ့တဲ့အခါမှာတော့ Confederate သို့မဟုတ် Confederation ကွန်ဖက်ဒရေးရှင်းဖြစ်လာပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ သိကြတဲ့အတိုင်း မြောက်အမေရိက မြေပြင်ကို ဥရောပသား အင်္ဂလိပ်၊ စကော့၊ ဝေလ၊ အိုင်းရစ်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ ရုရှ၊ ဂျာမန်၊ အီတလီ စသည်တို့ သွားရောက်ကျူးကျော်အခြေချတဲ့ ကျူးကျော်ဒေသ (၁၃)ခု (13 Colonies)နဲ့ စတင်ခဲ့တာဖြစ်ပါတယ်။ အဲဒီ(၁၃)နယ်မှာ အင်္ဂလိပ်တွေက လူများစုဆိုပြီး အင်္ဂလိပ် ဝိတိုရိယ ဘုရင်မကြီးက တပ်တွေနဲ့ ဘုရင်ခံတွေလွှတ်ပြီး အင်္ဂလိပ်ပိုင်(ကိုလိုနီ)အဖြစ် အုပ်ချုပ်လာခဲ့ပါတယ်။ ၁၇၆၀ ပြည့်လွန်နှစ်တွေမှာ အင်္ဂလိပ်(ဗြိတိသျှ)အုပ်စိုးမှုကို တော်လှန်ကြတယ်။ မိမိတို့ဟာ အင်္ဂလိပ်တွေမဟုတ်၊ ဥရောပသားပေါင်းစုံအမေရိကားလို့ မူလဒေသခံ အင်ဒီးယန်းလူနီတွေရဲ့ အမည်ကိုသုံးပြီး အမေရိကားတိုက်သားတွေ၊ အမေရိကန်တွေလို့ ခေါ်တွင်ခဲ့ပါတယ်။ အဲဒီ ကိုလိုနီ (၁၃)ခုဟာလည်း သီးခြားစီ ကိုယ့်မူလလူမျိုးအသိုက်အဝန်းနဲ့ သီးခြားစီမံအုပ်ချုပ်တဲ့အဖွဲ့၊ သီးခြားဥပဒေပြုအဖွဲ့၊ သီးခြားတရားရုံးတွေရှိပါတယ်။ ၁၇၇၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စုလွတ်လပ်ရေးကြေညာခဲ့ပါတယ်။ ပြည်ထောင်စု United States လို့ ခေါ်တွင်ပေမယ့် ပြည်ထောင်စုက သီးခြားနိုင်ငံငယ်(၁၃)ခု စုထောင်တာဖြစ်လို့ Confederate ကွန်ဖက်ဒရိတ်နိုင်ငံစုသာဖြစ်ခဲ့ပါတယ်။ နောင် နိုင်ငံအုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ နိုင်ငံခြားဆက်ဆံရေးပြဿနာတွေမှာ သူတစ်လူ ငါတစ်မင်းဖြစ်လာလို့ ကွန်ဖက်ဒရေးရှင်းအဆင့်ကနေ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းပြီး ပြည်ထောင်စု(ပြည်နယ်စုနိုင်ငံ)အဖြစ် အသွင်ပြောင်းခဲ့ရတာဖြစ်ပါတယ်။

၁၉၁၇ ခုနှစ်မှာ ရုရှားလူမျိုးခေါင်းဆောင် ဗလာဒီမာအီလီယစ်ချ်လီနင် ဦးဆောင်ပြီး မဟာအောက်တိုဘာတော်လှန်ရေး ဆင်နွှဲအောင်မြင်ခဲ့တယ်။ ဇာဘုရင်နဲ့ ကာရင်စကီကြားဖြတ်အစိုးရတို့ကို တော်လှန်ဖယ်ရှားပြီး ဆိုရှယ်လစ်(ကွန်မြူနစ်)နိုင်ငံအဖြစ် တည်ထောင်ခဲ့တယ်။ ဒီကမ္ဘာမြေပြင်မှာ ပထမဦးဆုံးစာတွေ့မှ လက်တွေ့ဖြစ်စေတဲ့ ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်ခဲ့တာပါ။



မြန်မာ...
တစ်ရာဂေ...
လာခဲ့ကြ...
အရေးကြီ...
လက်တွဲတ...

ဘီလာရုစ် (ဘိုင်လိုရု...
တာဂျစ်ကစ္စတန်၊ တွ...
နီးယား၊ လတ်ဗီးယာ...
ပြည်နယ်စု နိုင်ငံနဲ့...
ကြပါတယ်။ ဆိုဗီယ...
of Soviet Sociali...
ဆိုဗီယက်ပြည်ထောင်...
မျိုး မဟုတ်ပါဘူး။ ...
ရုံးချုပ်တို့ ကိုယ်စီရှိ...

ကွန်ဖက်ဒရေး...
လက်တွေ့မှာ သူတစ်...
ရပါတယ်။ ဆွီဒင်နဲ့...
ဖွဲ့ခဲ့တယ်။ ပြန်ကွဲထွ...
ပြန်ကွဲခဲ့တာပါပဲ။ အ...
စသည်ဖြင့် ပြန်ကွဲသွ...
ဆိုရှယ်လစ်နိုင်ငံများ...
တည်တံ့ခိုင်မြဲခဲ့တယ်။...
ချော့ဗ်ရဲ့ ကိုယ့်စနစ်...
အလိုကျ) ကိုယ်ပြန်...

...ည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

...ပင်လုံညီလာခံ = လွတ်လပ်တဲ့ မြန်မာပြည်ထောင်စု
...င်စုစိတ်ဓာတ် = ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်

မောင်နွယ်စစ်

...တည်ဆောက်တဲ့ပုံစံအရ
...င်တွေမှာ တိုင်းရင်းသား
...စ်မျိုး နှစ်မျိုးလောက်သာ
...က်ပါတယ်။ အချို့နိုင်ငံ
...တစ်ရပ်တည်းက ပိုင်ပိုင်
...ဆောင်စနစ်နဲ့ပဲ နိုင်ငံတော်
...ည်သူ့သမ္မတနိုင်ငံမှာ ဟန်
...းစု (၅၅)မျိုးရှိသော်လည်း
...က်ထားပါတယ်။] အဲဒီ
...နဲ့ Unitary State လို့

...တွေထဲမှာ တိုင်းရင်းသား
...ဒေသတွေ အခိုင်အမာ
...နိုင်ငံတော်ကို ဖွဲ့စည်း
...ရှုမှာ United, Union,
...တွင်တဲ့ နိုင်ငံတွေဟာ
...America (အမေရိကန်
...တင်စုမြန်မာနိုင်ငံတော်)၊
...မြောက်အိုင်ယာလန်တို့ကို
...ချ ဘုရင်၊ ဘုရင်မများက
...ချပြည်ထောင်စု)၊ Fed-
...သမ္မတနိုင်ငံ) စသည်တို့
...နိုက်ဂျီးရီးယား၊ တောင်
...ဘက်ဟာ ပြည်ထောင်စု
...် အများအပြားနဲ့ ဖွဲ့ထား
...ထောင်စုဆိုတဲ့ စကားလုံး

...eration)ဆိုတဲ့ အသုံး
...ဖွဲ့တဲ့ ပြည်ထောင်စုပါပဲ။
... သီးခြားအစိုးရ၊ သီးခြား
...ရှိတဲ့ နိုင်ငံတွေစုဖွဲ့တဲ့
...ation ကွန်ဖက်ဒရေးရှင်း
...ကြတဲ့အတိုင်း မြောက်
...ဝေလ၊ အိုင်းရစ်၊ ပြင်သစ်၊
...တို့ သွားရောက်ကျူးကျော်
... စတင်ခဲ့တာဖြစ်ပါတယ်။
...ဂ်လိပ် ဝိတိုရိယ ဘုရင်မ
...(ကိုလိုနီ)အဖြစ် အုပ်ချုပ်
...ပိ(ဗြိတိသျှ)အုပ်စိုးမှုကို
...၊ ဥရောပသားပေါင်းစုံ
...အမည်ကိုသုံးပြီး အမေရိ
...ပါတယ်။ အဲဒီ ကိုလိုနီ
...က်အဝန်းနဲ့ သီးခြားစီမံ
...ရုံးတွေရှိပါတယ်။ ၁၇၇၆
...စုလွတ်လပ်ရေးကြေညာ
...ိုင်ပေမယ့် ပြည်ထောင်စု
...federate ကွန်ဖက်ဒရိတ်
...ကာကွယ်ရေး၊ နိုင်ငံခြား
...လာလို့ ကွန်ဖက်ဒရေးရှင်း
...ဌာန်းပြီး ပြည်ထောင်စု
...တယ်။
...ဒီမာအီလီယစ်ချ်လီနင်
...ဆင်နွှဲအောင်မြင်ခဲ့တယ်။
...န်ဖယ်ရှားပြီး ဆိုရှယ်လစ်
...မြေပြင်မှာ ပထမဦးဆုံး
... တည်ဆောက်ခဲ့တာပါ။

အထိ နှစ်ပေါင်း ၇၀ ကျော် တည်တံ့ခဲ့ရတာကလည်း ဆိုဗီယက်ကွန်မြူနစ်ပါတီ တစ်ပါတီတည်းက အရည်အချင်းရှိရှိ ဦးဆောင်ထိန်းထားခဲ့နိုင်လို့ပါပဲ။ ဆိုဗီယက်ပြည်ထောင်စုဝင် ၁၅ နိုင်ငံစလုံးမှာ သီးခြားသမ္မတ၊ အစိုးရ၊ ဥပဒေပြုလွှတ်တော်၊ တရားလွှတ်တော်တွေရှိကြသလို အဲဒီနိုင်ငံ ၁၅ ခုစလုံးမှာ ဆိုဗီယက်ကွန်မြူနစ်ပါတီရဲ့လက်အောက်ခံ ကွန်မြူနစ်ပါတီများက တစ်မူတည်း၊ တစ်ဝါဒတည်း၊ တစ်စနစ်တည်းကို တူညီစွာ တစ်သွေးတည်း၊ တစ်သံတည်း ဦးဆောင်နိုင်ခဲ့လို့သာ ဖြစ်ပါတယ်။ တရုတ်၊ ဗီယက်နမ်၊ ကျူးဘား၊ မြောက်ကိုရီးယား စသည်တို့မှာလည်း ပါတီတစ်ခုတည်းက ဦးဆောင်နိုင်လို့ ဒီကနေ့အထိ တည်တံ့ခိုင်မြဲတိုးတက်လာနေတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရှေးအစဉ်အဆက် တစ်မြေပေါ်အတူဖွား တိုင်းရင်းသား လူမျိုးနွယ်ပေါင်း တစ်ရာကျော်ဟာ မရှိအတူ၊ ရှိအတူ၊ အေးတူပူမျှ အတူတကွ၊ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြတာ တကယ့်ပြည်ထောင်စုကြီးတစ်ခုပါပဲ။ ပြည်ပရန် ကျူးကျော်သူတွေကို အရေးကြီးရင် သွေးနီးတတ်တဲ့၊ သွေးစည်းတတ်တဲ့၊ သွေးချင်းသားချင်း စိတ်ဓာတ်နဲ့ လက်တွဲတွန်းလှန်ခဲ့တဲ့ သမိုင်းဇာတ်စုံ ပြောမကုန်နိုင်အောင်ပါပဲ။

ဗြိတိသျှ(အင်္ဂလိပ်) နယ်ချဲ့တို့ ပင်လယ်ဓားပြဆန်ဆန် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်မှာ တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်မှာ တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်မှာ တစ်ကြိမ် သုံးကြိမ်တိုင် ကျူးကျော်စစ်ပြုလာတဲ့အခါတိုင်း တောင်ပေါ်မြေပြန့် ဒေသစုံက တိုင်းရင်းသားစုံတို့ဟာ ဘယ်သူကမှ မလှုံ့ဆော်၊ အချက်မပေးဘဲ ကိုယ့်ရင်တွင်းဖြစ် အသိစိတ်ဓာတ်နဲ့ သူ့ကျွန်မခံ တွန်းလှန်တိုက်ခိုက်ခဲ့တဲ့ သမိုင်းကြောင်း၊ အဲဒီလိုနယ်ချဲ့ကို တွန်းလှန်တဲ့ တိုင်းရင်းသားစုံ မျိုးချစ်သူရဲကောင်းတွေ အကြောင်းလည်း ရေးမကုန်၊ ပြောမကုန်အောင် များပါဘိတော့တယ်။

> **မြန်မာနိုင်ငံမှာ ရှေးအစဉ်အဆက် တစ်မြေပေါ်အတူဖွား တိုင်းရင်းသား လူမျိုးနွယ်ပေါင်း တစ်ရာကျော်ဟာ မရှိအတူ၊ ရှိအတူ၊ အေးတူပူမျှ အတူတကွ၊ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြတာ တကယ့်ပြည်ထောင်စုကြီးတစ်ခုပါပဲ။ ပြည်ပရန် ကျူးကျော်သူတွေကို အရေးကြီးရင် သွေးနီးတတ်တဲ့၊ သွေးစည်းတတ်တဲ့၊ သွေးချင်းသားချင်း စိတ်ဓာတ်နဲ့ လက်တွဲတွန်းလှန်ခဲ့တဲ့ သမိုင်းဇာတ်စုံ ပြောမကုန်နိုင်အောင်ပါပဲ။**

ဘီလာရုစ် (ဘိုင်လိုရုရှ)၊ ယူကရိန်း၊ ဂျော်ဂျီယာ၊ အဇာဘိုင်ဂျန်၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ တွတ်မင်နစ္စတန်၊ အာမေးနီးယား၊ ကာဂျစ်ဇီယား၊ အက်စတိုးနီးယား၊ လတ်ဗီးယားစတဲ့ သီးခြား အချုပ်အခြာပိုင် နိုင်ငံ (၁၄) ခုဟာ ရုရှပြည်နယ်စု နိုင်ငံနဲ့လာပေါင်းပြီး ဆိုရှယ်လစ်စနစ်ကို အတူတည်ဆောက်ခဲ့ကြပါတယ်။ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံများရဲ့ ပြည်ထောင်စု Union of Soviet Socialist Republic (အတိုကောက် USSR) ဖြစ်လာပါတယ်။ ဆိုဗီယက်ပြည်ထောင်စုဟာ သာမန်ပြည်နယ်များစုပေါင်းဖွဲ့စည်းတဲ့ ပြည်ထောင်စုမျိုး မဟုတ်ပါဘူး။ သီးခြားလွတ်လပ်တဲ့၊ သီးခြားသမ္မတ၊ လွှတ်တော်တရားရုံးချုပ်တို့ ကိုယ်စီရှိတဲ့ နိုင်ငံ (၁၅) ခုရဲ့ ကွန်ဖက်ဒရေးရှင်း ဖြစ်ပါတယ်။

ကွန်ဖက်ဒရေးရှင်းသဘောမျိုးနဲ့ ထောင်တဲ့ အမေရိကန်ပြည်ထောင်စုဟာ လက်တွေ့မှာ သူတစ်လူငါတစ်မင်းဖြစ်လာလို့ သာမန်ပြည်ထောင်စု ပြောင်းဖွဲ့ခဲ့ရပါတယ်။ ဆွီဒင်နဲ့ နော်ဝေတို့လည်း ကွန်ဖက်ဒရေးရှင်း ပြည်ထောင်စုမျိုး ဖွဲ့ခဲ့တယ်။ ပြန်ကွဲထွက်ခဲ့တယ်။ အာရပ်ပြည်ထောင်စု (UAR) လည်း သီးခြားပြန်ကွဲခဲ့တာပါပဲ။ အာရှက မလေးရှားပြည်ထောင်စုလည်း မလေး၊ စင်ကာပူ စသည်ဖြင့် ပြန်ကွဲသွားတာပါပဲ။ ဆိုဗီယက်ပြည်ထောင်စုအမည်ခံ ဆိုဗီယက်ဆိုရှယ်လစ်နိုင်ငံများရဲ့ ကွန်ဖက်ဒရေးရှင်းကြီးကတော့ နှစ်ပေါင်း ၇၀ လောက် တည်တံ့ခိုင်မြဲခဲ့တယ်။ ၁၉၁၇ ခုနှစ် လီနင် စတင်တည်ထောင်ချိန်မှစပြီး ဂေါ်ဘာချော့ဗ်ရဲ့ ကိုယ့်စနစ်ကိုယ်ပြန်ဖျက်၊ ကိုယ့်ပြည်ထောင်စု (အနောက်အုပ်စုအလိုကျ) ကိုယ်ပြန်ခွဲလို့ ၁၅ စိတ်ပြန်ကွဲထွက်သွားတဲ့ ၁၉၉၁ ခုနှစ်ကုန်ပိုင်း

တိုင်းရင်းသားသွေးချင်းသားချင်းအားလုံး ပေါက်ဖွားနေထိုင်ရှင်သန်ခဲ့တဲ့ မြန်မာနိုင်ငံတော်ကြီးကို ၁၈၈၅ ခုနှစ် (နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ တတိယကျူးကျော်စစ်အပြီး) မှာ အင်္ဂလိပ်တို့က ကျွန်ပြုခဲ့တယ်။ မြန်မာတွေကို ဖိနှိပ်ညှဉ်းပန်းခဲ့တယ်။ မြန်မာ့သယံဇာတ နေဥစ္စာ မှန်သမျှ သွေးစုပ်ထုတ်ယူသွားကြတယ်။ ဒါကြောင့် မြန်မာတို့သာ ပိုင်ဆိုင်အပ်တဲ့ အချုပ်အခြာအာဏာ (ဝါ) လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရရှိနိုင်အောင် မြန်မာတို့ အသက်ပေါင်းများစွာ အရင်းပြုပြီး တိုက်ယူခဲ့ရတယ်။

အင်္ဂလိပ်နယ်ချဲ့တို့ဟာ အခြားသော ဥရောပက စက်မှုအရင်းရှင်နယ်ချဲ့တွေလိုပဲ သူတစ်ပါးနိုင်ငံက လောင်စာစွမ်းအင်၊ စက်မှုကုန်ကြမ်း သဘာဝသယံဇာတတွေ၊ ထွက်ကုန်ပစ္စည်းတွေ၊ လုပ်အားတွေ၊ ကုန်ချောဈေးကွက်တွေကို တရားသဖြင့် ထိုက်သင့်တဲ့တန်ဖိုးပေး မဝယ်ယူဘဲ ဓားပြတိုက်သလို လက်နက်အသစ်အဆန်းအားကိုးနဲ့ ကမ္ဘာတစ်ခွင် နယ်ချဲ့ခဲ့ကြရာမှာ အလွန်ကောက်ကျစ်ကြပါတယ်။ ယုတ်မာကြပါတယ်။ ကျူးကျော်ခံနိုင်ငံတွေရဲ့အမျိုး၊ ဘာသာ၊ သာသနာ၊ အမျိုးသားယဉ်ကျေးမှုတွေ၊ သွေးစည်းညီညွတ်မှုတွေကို ယုတ်မာစွာ ဖြိုခွဲဖျက်ဆီးခဲ့ကြပါတယ်။ တိုင်းရင်းသားချင်း(မြန်မာအချင်းချင်း)သွေးကွဲအောင် လုပ်ခဲ့ကြပါတယ်။

မြန်မာတွေကို မလွှဲမရှောင်သာတော့လို့ လွတ်လပ်ရေးပြန်ပေးတဲ့အခါမှာလည်း တောင်ပေါ် (တိုင်းရင်းသား)ဒေသတွေကို လွတ်လပ်ရေးမပေးဘဲ ဖားတစ်ပိုင်း ငါးတစ်ပိုင်းကျွန်ဘဝမှာ ဆက်ထားဖို့ ခြွင်းချန်ဧရိယာနယ်ပယ် (Schedule Area) တွေ သတ်မှတ်ခဲ့ပါတယ်။ မြေပြန့်ဒေသ-စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းတို့ကိုသာကွက်ပြီး လွတ်လပ်ရေးပေးမယ်ဆိုပြီး မြန်မာနိုင်ငံကို အပိုင်းပိုင်းအတစ်တစ် လုပ်ပစ်ဖို့ စီစဉ်ခဲ့ကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ လွတ်လပ်ရေးတိုက်ပွဲဝင် တိုင်းရင်းသားစုံ မြန်မာမျိုးချစ်များရဲ့ ကျားကုတ်ကျားခဲ စည်းရုံးအားထုတ်မှုကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလက ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့မှာ တိုင်းရင်းသားစုံ ပင်လုံညီလာခံကြီး ကျင်းပခဲ့ပါတယ်။ မြန်မာစိတ်၊ ပြည်ထောင်စုစိတ်၊ မျိုးချစ်ပြည်ချစ်စိတ် အပြည့်အဝရှိတဲ့ တိုင်းရင်းသားခေါင်းဆောင်အချို့ရဲ့ အမြော်အမြင်ကြီးမှုကြောင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ပါတယ်။

ပင်လုံညီလာခံမှာ အမြော်အမြင်ကြီးစွာနဲ့ မြန်မာနိုင်ငံရဲ့အနာဂတ်ကို အကောင်းဆုံး တစ်ခဲနက်ဆုံးဖြတ်ပေးခဲ့တဲ့ ဆုံးဖြတ်ချက်ကတော့ လွတ်လပ်တဲ့ မြန်မာပြည်ထောင်စုကြီး ပေါ်ထွန်းရေး၊ နယ်ချဲ့လက်အောက်က တူညီစွာ လွတ်မြောက်ရေးပါပဲ။ အဲဒီအချိန်အခါမှ ဆုံးဖြတ်ရမယ့် အနာဂတ် ကောင်းကျိုးဆိုတာကလည်း တိုင်းရင်းသားအားလုံးရဲ့ ပြည်ထောင်စုကြီး လွတ်လပ်ဖို့ပဲဖြစ်ပါတယ်။

၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကြီးမှာ တိုင်းရင်းသားစုံ ကိုယ်စားလှယ် တစ်ထောင်ကျော်တက်ပြီး နိုင်ငံရဲ့ အနာဂတ်ကောင်းကျိုးကို တညီတညွတ် ဆုံးဖြတ် သဘောတူခဲ့ကြပါတယ်။ ဒါဟာ ဒုတိယပင်လုံညီလာခံကြီးလို့ ဆိုနိုင်ပါတယ်။ ယခု ကျင်းပလျက်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်တို့မှာလည်း တိုင်းရင်းသားစုံ ရွေးချယ်ခံကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြီး အေးချမ်းသာယာ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ နိုင်ငံတော်ကြီးကို အပြီးတိုင်တည်ဆောက်ဖို့အတွက် ညှိနှိုင်းဆွေးနွေးဆုံးဖြတ် ဆောင်ရွက်နေကြပြီဖြစ်လို့ ဒီလွှတ်တော်များဟာလည်း နောက်ဆက်တွဲ ပင်လုံညီလာခံများ(ဝါ) ၂၁ ရာစုရဲ့ ပင်လုံညီလာခံများအလား ရှုမြင်ရမှာဖြစ်ကြောင်းပါခင်ဗျား။ ။

လူတိုင်းဆေးလိပ်ဖြတ်ရန်၊ ဆေးလိပ်ပြတ်ရန် ဆေးလိပ်ဖြတ်ပွဲအခမ်းအနား ကျင်းပ

ပါမောက္ခဒေါက်တာ ခင်မောင်ဝင်း(အသည်း)က ကြီးမှူးစီစဉ်ကျင်းပသည့် ဆေးလိပ်ဖြတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ လမ်း(၃၀)ဆေးခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှေးဦးစွာ ပါမောက္ခဒေါက်တာ ခင်မောင်ဝင်း(အသည်း)က လူတိုင်း ဆေးလိပ်ဖြတ်ရန်၊ ဆေးလိပ်ကို ရာသက်ပန် ယုံယုံကြည်ကြည်ပြတ်သွားကြစေရန် ရည်ရွယ်၍ ယနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း၊ ဆေးလိပ်ဖြတ်ပွဲအခမ်းအနားကို ယခု ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး လစဉ်ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း၊ ယခုပထမအကြိမ်တွင် ဆေးလိပ်ဖြတ်ပွဲအဖြစ်သာ ကျင်းပခဲ့ခြင်းဖြစ်သော်လည်း လာမည့်လတွင် ယခုအခမ်းအနားမှ ဆေးလိပ်ပြတ်သွားသူများ၏ ဆေးလိပ်ပြတ်ပွဲကိုပါ ပူးတွဲကျင်းပသွားနိုင်မည်ဖြစ်ကြောင်း၊ လာမည့်လများတွင် ဆေးလိပ်ဖြတ်သူများ၊ ဆေးလိပ်ပြတ်သူများ ပိုမိုတိုးတက်လာမည်ဖြစ်၍ အရှိန်အဟုန်မြှင့် ကျင်းပသွားနိုင်မည်ဖြစ်ကြောင်း၊ ယခု ပထမအကြိမ်အခမ်းအနားမှ ဆေးလိပ်ဖြတ်သူအားလည်း အပတ်စဉ် ဆေးစစ်ချက်ရယူ စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ ဆေးလိပ်ဖြတ်ရန် စိတ်ဝင်စားသူများ လာရောက်လေ့လာနိုင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် နှစ်ပေါင်း(၃၀)ကျော်ကြာ ဆေးလိပ်ကို စွဲလမ်းစွာသောက်သုံးသူ ဒေါ်အေးက ဆေးလိပ်ကို စွဲလမ်းစွာသောက်သုံးခြင်းကြောင့် ခံစားရသည့်ရောဂါဆိုးများ အန္တရာယ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယခုအခမ်းအနားတွင် အမှန်တကယ် ဆေးလိပ်ဖြတ်ရန် ဆုံးဖြတ်ထားရှိမှုတို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဆေးလိပ်ဖြတ်ရန် စိတ်ပါဝင်စားသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပါမောက္ခဒေါက်တာ ခင်မောင်ဝင်း(အသည်း)က ပြန်လည်ရှင်းလင်း ဖြေကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အန္တရာယ်ဖြစ်

ဆေးလိပ်တွင် လူကိုစွဲလမ်းစေသော နီကိုတင်းအပြင် အန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းအမျိုးပေါင်း ၄၀၀၀ ကျော် ပါရှိသည်။ သို့ဖြစ်၍ ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်၊ လည်ပြွန်၊ လျှာနှင့် သွားဖုံးကင်ဆာရောဂါများ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေသင်တုန်းဖြတ်ရောဂါ၊ နာတာရှည်အဆုတ်ရောဂါနှင့် ခြေ၊ လက် သွေးကြောပုပ်ရောဂါများစသည့် ဆေးလိပ်သောက်သုံးခြင်းနှင့် ဆက်စပ်သော ရောဂါများဖြင့် နှစ်စဉ် ဆေးလိပ်သောက်သုံးသူများ အရွယ်မတိုင်မီ သေဆုံးလျက်ရှိကြသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဆေးလိပ်သောက်သုံးသူပေါင်း ၁ ဒသမ ၃ ဘီလီယံကျော်အထိရှိကြောင်း သိရသည်။ ။

သတင်းမှတ်စု-မောင်မောင်ထွေး(သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု သံဖြူဇရပ်မြို့နယ် ပဒိုင်ကြီးကျေးရွာ၌ စက်ရေတွင်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၇

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် သံဖြူဇရပ်မြို့နယ် ပဒိုင်ကြီးကျေးရွာ လေးလက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီတွင် အဆိုပါမုခ်ဦး၌ ကျင်းပရာ **(အပေါ်ပုံ)** ဖွင့်ပွဲအခမ်းအနားတွင် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်က ပဒိုင်ကြီးကျေးရွာ၌ လေးလက်မစက်ရေတွင်းနှင့် ရေလှောင်ကန်၊ ရေစက်ရုံဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြပြီး ကျေးရွာစက်ရေတွင်းကော်မတီအဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ စက်ရေတွင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် စက်ရေတွင်းကော်မတီဝင်တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဧည့်ပရိသတ်များနှင့်အတူ စက်ရေတွင်းနှင့် ရေလှောင်ကန်၊ ရေစက်ရုံများကို ကြည့်ရှုစစ်ဆေးကြသည်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကုန်သွယ်ရေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် ဂျိုးဖြူလမ်း ကတ္တရာလမ်းသစ်ကို ပဲခူးခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရေးအတွက် ပေါက်မြို့နယ် ကူးကားကျေးရွာအုပ်စု ပေါက်ချောင်း(အလယ်စု) ကျေးရွာတွင် (၁၈)ကြိမ်မြောက် အလှူရှင်များမှလှူဒါန်းသော စက်ရေတွင်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်ကကျင်းပရာ ပေါက်ချောင်း(အလယ်စု) ကျေးရွာ ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲ၊ နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ၊ ဒေသဖွံ့ဖြိုးရေးအလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ်(၃)လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံပုဂ္ဂိုလ်များ၊ အသင်းသူ၊ အသင်းသားများ၏ သားသမီးများ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ထူးဘွဲ့တံဆိပ် ချီးမြှင့်ခံရသူများသည် ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ဦးစိုးညွန့် ဖုန်း-၅၄၁ ၆၈၆၊ ဦးကျော်ခိုင် ဖုန်း-၂၄၆၁၄၀၊ ၂၄၆ ၁၄၂၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) အတွင်းရေးမှူး ဖုန်း-၃၉၈၂၀၀၊ ဦးစန်အောင် ဖုန်း-၇၃၀၃၂၆၀၈၊ ဦးမောင်မောင်မြင့် ဖုန်း-၅၄၇၄၅၅၊ ဦးကြိုင်မြင့် ဖုန်း-၂၉၅၉၈၈ နှင့် ဒေါ်ဥ ဖုန်း - ၀၉၈၀-၃၃၉၁၅ တို့သို့ ဆက်သွယ် စာရင်းပေးနိုင်သည်။ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည် အစည်းအဝေးသို့တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၆။ မျိုးချစ်တပ်မတော်
၄း၂၀ ၇။ အင်္ဂလိပ်စာသုတ
၄း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၉။ မီးသတိပေးနှိုးဆော်ချက်
၄း၅၀ ၁၀။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ(သမိုင်း)
၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၁၄)**
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၅။ သူတို့နှင့်သူတို့အကြိုက်
၆း၃၀ ၁၆။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၃၆)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ဟာသရုပ်စုံ
၂၃။ မွေးမြူသုတ
၂၄။ သီချင်းလက်ဆောင်
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၅)**
၂၇။ Mini Series
၂၈။ သင့်အတွက်မနက်ဖြန်
၂၉။ အပိတ်နှုတ်ဆက်စကား
၃၀။ ပြီးပါပြီ။

ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၁၀-၂၀၁၁ ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ဟန်လင်းအောင်အား ကျောင်းအုပ်ဆရာကြီး ဦးသိန်းကြွယ် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၈၃)

Diploma Courses သင်ကြားပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

Myanmar Academy of Management & Technology သည် Australia အစိုးရ ပညာရေးရာ Central Institute of Technology (Central TAFE) မှ တိုက်ရိုက်ချီးမြှင့်သော Diploma Courses များကို Australian Qualifications Framework အတိုင်း Australian Qualified Educator & Examiner ဖြစ်သော Steven R Sunthang ကိုယ်တိုင်ဦးစီးကာ မတ်လနောက်ဆုံးပတ်အတွင်း စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

MAMT သည် Diploma of Business Administration (Dip BA)ပညာရပ်ကို ပထမဦးဆုံး ဦးစီးသင်တန်းပို့ချသူဆရာကိုယ်တိုင်က စာမေးပွဲစစ်မည်ဖြစ်သောကြောင့် သင်တန်းတက်ရောက်သူများအနေဖြင့် သံရုံးများ၌ ထပ်မံ၍ ငွေကြေးကုန်ကျခံကာ စာမေးပွဲဝင်ရောက်ဖြေဆိုရန် မလိုတော့ကြောင်း။

Dip BA ပညာရပ်သည် လုပ်ငန်းသုံးပညာရပ် (Professional Qualification) ဖြစ်သောကြောင့် နိုင်ငံတကာ အသိအမှတ်ပြုရုံသာမကဘဲ ASEAN နိုင်ငံများနှင့်အနောက်နိုင်ငံများရှိ ကုမ္ပဏီကြီးများက အထူးပြုခန့်ထားလျက်ရှိသောကြောင့် အလုပ်ခေါ်ယူမှု များပြားသောဘွဲ့တစ်ခုဖြစ်ကြောင်း။

Central TAFE Diploma သည် Australia နိုင်ငံရှိCurtin University, Edith Cowan University, Murdoch University, the University of Western Australia, Notre Dame University စသည့် တက္ကသိုလ်များမှ credits များစွာ ရရှိထားသောကြောင့် အချိန်တိုတိုအတွင်း ငွေကြေးကုန်ကျသက်သာစွာဖြင့် Degree Course များ ဆက်လက် သင်ယူနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် Australiaရှိ အခြားတက္ကသိုလ် ၃၃ ခုနှင့် နိုင်ငံတကာရှိ တက္ကသိုလ်များ၌လည်း ဆက်လက် ပညာသင်ယူနိုင်မည့် အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း။

MAMT သည် Career Advice, Training Need Analysis, Resume' writing skills, Job Search and preparation skills, Pathway to University, Organization Diagnostics စသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေပြီး မည်သူမဆို အသေးစိတ် လာရောက်ဆွေးနွေးတိုင်ပင်နိုင်ကြောင်း သိရသည်။

Dip BA သင်တန်းကို ၂၀၁၁ခုနှစ်တွင် တက္ကသိုလ်ဝင်ခွင့် ဖြေဆိုမည့်သူများ၊ တက္ကသိုလ် တက်ရောက်လျက်ရှိသောသူများနှင့် အင်္ဂလိပ်စကားပြော အတွေ့အကြုံရှိသောသူများ လျှောက်ထားနိုင်ပြီး စနေနှင့် တနင်္ဂနွေ တန်းခွဲများလည်း ဖွင့်လှစ်မည်ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက MAMT သင်တန်းရုံးခန်း/ကျောင်းတည်ရှိရာ အမှတ် (၇/၁၈၉-၁၉၅) ပန်းဆိုးတန်းရုံးခန်းတာဝါ ပန်းဆိုးတန်းအလယ်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၁၃ ၉၃၉၀နှင့် ၃၉၁၀၆၉၊ email: info @mamtyangon.com, mamtyangon @ gmail.com နှင့် website: www.mamtyangon.com တို့သို့ ဆက်သွယ်ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မောင်နွယ်စစ်၏

"ပင်လုံညီလာခံ = လွတ်လပ်တဲ့ မြန်မာပြည်ထောင်စု"
"ပြည်ထောင်စုစိတ်ဓာတ် = ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်"

ဆောင်းပါး - စာမျက်နှာ ၈၊ ၉

ဟသ်ာတမြင့်ငွေ၏ "ပြည်ထောင်စုရဲ့အား"

ကဗျာ - စာမျက်နှာ ၈

ရဲမင်းထက်၏ "အနာဂတ်ပန်းတိုင်ဆီ"

ကာတွန်း - စာမျက်နှာ ၉

ကမ္ဘာ့ရေတိမ်ဒေသများနေ့ မြန်မာရေတိမ်ငှက်အကြောင်းဆွေးနွေး

သတင်းနှင့် ဓာတ်ပုံ
ရဲဝင်းဆောင်(ကြေးမုံ)

ဖေဖော်ဝါရီ ၂ ရက်နေ့ကို ကမ္ဘာ့ရေတိမ်ဒေသများနေ့အဖြစ် သတ်မှတ်ကာ ရေတိမ်ဒေသများနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာတစ်ဝန်း စီစဉ်ကျင်းပကြသည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ရေတိမ်ဒေသများနေ့ကို နှစ်စဉ် ဖေဖော်ဝါရီလအတွင်း၌ စီစဉ်ကျင်းပလျက်ရှိပြီး ၂၀၁၁ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ တော်ဝင်နှင်းဆီ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် ရေတိမ်ဒေသ(Wetland)များ ကြွယ်ဝစွာတည်ရှိသည့် နိုင်ငံတစ်ခုဖြစ်ရာ သဘာဝပတ်ဝန်းကျင်ကို များစွာအထောက်အကူဖြစ်စေသည်။ ရေတိမ်ဒေသများဆိုင်ရာ ရမ်ဆာသဘောတူညီချက်အရ ရေတိမ်ဒေသများသည် ရွှံ့တော၊ စိမ့်မြေ၊ မြေဆွေးစိုင်၊ ယာယီ သို့မဟုတ် အမြဲရှိသော ရေသေ သို့မဟုတ် စီးဆင်းနေသည့်ရေ၊ လတ်ဆတ်သည့် ရေချိုရေငန်စပ်နှင့် ဒီရေအနိမ့်ဆုံးအချိန်တွင် ခြောက်မီတာထက်မကျော်သည့် ရေပြင်များ၊ ထိုဒေသရှိ ငှက်များအကြောင်း ဆွေးနွေးကြသည်။

ဖေဖော်ဝါရီ ၂ ရက်နေ့ကို ကမ္ဘာ့ရေတိမ်ဒေသများနေ့အဖြစ် သတ်မှတ်ကာ အခမ်းအနားများကျင်းပခဲ့သည်။ ထိုသို့ ကျင်းပရသည့်ရည်ရွယ်ချက်မှာ ရေတိမ်ဒေသများ၏ တန်ဖိုးနှင့် အကျိုးကျေးဇူးကို ကမ္ဘာ့ပြည်သူများအကြား နားလည်သိရှိစေရန်နှင့် ထိန်းသိမ်းကာကွယ်ရေးတွင် ပူးပေါင်းဆောင်ရွက်စေရန်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ရေတိမ်ဒေသများနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံအတွင်းရှိ ရေတိမ်ဒေသရှိ ငှက်များ၏ မြင်ကွင်း။

ထူးခြားသည့်ညအပူချိန်များ

၇-၂-၂၀၁၁

ဟားခါး
(-၂) ဒီဂရီစင်တီဂရိတ်

လားရှိုး
၂ ဒီဂရီစင်တီဂရိတ်

နမ့်စန်
၃ ဒီဂရီစင်တီဂရိတ်

ပင်လောင်း
၃ ဒီဂရီစင်တီဂရိတ်

ဟဲဟိုး
၃ ဒီဂရီစင်တီဂရိတ်

လွိုင်လင်
၃ ဒီဂရီစင်တီဂရိတ်